အတ္တသမ္မာ ပဏိဓိစ တေံ မင်္ဂလ မုတ္တမံ - မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်တတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၁၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၉၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆီးရီးယားအာရပ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၇

၂၀၁၁ ခုနှစ် ဧပြီ ၁၇ ရက်တွင် ကျရောက်သော ဆီးရီးယားအာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဘာရှာ အယ်လ် အာဆတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နေပြည်တော် မဟာသင်္ကြန်အတက်နေ့ ပျော်ရွှင်စွာနွှဲပျော်မှုများ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၁၆

မဟာသင်္ကြန်အတက်နေ့တွင် နေပြည်တော်တစ်ခွင်၌ ပြည်သူများ အေးချမ်းပျော်ရွှင်လန်းဆန်းမှုကိုယ်စီဖြင့် အတာသင်္ကြန်ရေသဘင်ပွဲ ဆင်နွှဲလျက်ရှိကြရာ ရေကစားမဏ္ဍပ်များ၌ အထူးစည်ကားလျက်ရှိသည်။

နေပြည်တော်မဟာသင်္ကြန်ပွဲတော် ပျော်ရွှင်စွာ နွှဲပျော်နေမှုများကို အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းဌေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးခင်ရီ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသော ဦးသန်းအောင်နှင့် ဦးကံချွန်တို့သည် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၊ ဟိုတယ်ဇုန်ရှိ ရွှေဧည့်သည်ဟိုတယ် ရေသဘင်မဏ္ဍပ်(**အပေါ်ပုံ**)၊ ရွှိုင်ရယ်ကုမုဒြာဟိုတယ် ရေသဘင်မဏ္ဍပ်၊ အမရဟိုတယ် ရေသဘင်မဏ္ဍပ်၊ OASIS ဟိုတယ် ရေသဘင်မဏ္ဍပ်၊ ဟိုတယ်ရွှေပြည်တော် ရေသဘင်မဏ္ဍပ်နှင့် မြတ်တော်ဝင်ဟိုတယ် ရေသဘင်မဏ္ဍပ်တို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ

အမေရိကန်၌ လေဆင်နှာမောင်း တိုက်ခတ် (စာ - ၄)

နှစ်သစ်ကူးဆုတောင်း စကားလက်ဆောင်

''စိတ်သစ် လူသစ်နဲ့ လုပ်ငန်းတာဝန်တွေ ထမ်းဆောင်သွားမှာပါ'' (မြင့်မောင်စိုး၏ အင်တာဗျူး) (စာ-၅)



မန်စီးတီးနှင့် မန်ယူ အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ (စာ - ၁၀)

ပေါ့ပ်အဆိုတော် မက်ဒေါနား၏ ဘဝပုံရိပ် (စာ-၁၀)

17-4 (01).pmd 1 4/17/2011, 3:15 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဧပြီ ၁၇ ရက်)

နှစ်ဦးအခါသမယ ကုသိုလ်ကောင်းမှုပွားများ စိတ်သစ်၊ လူသစ်၊ အားမာန်သစ်ဖြင့် အနာဂတ်ခရီးကို လျှောက်လှမ်း

ယနေ့ ၁၃၇၃ ခုနှစ် တန်ခူးလဆန်း ၁၄ ရက် (၂၀၁၁ခုနှစ် ဧပြီ ၁၇ ရက်)သည် မြန်မာတို့၏နှစ်ဦး နှစ်သစ်ကူး အခါသမယနေ့ထူးနေ့မြတ် ဖြစ်သည်။

၁၃၇၂ ခုနှစ် ကုန်လွန်၍ ၁၃၇၃ ခုနှစ်သို့ ကူးပြောင်းရောက်ရှိသည့်နေ့ ဖြစ်သည်။ နှစ်ဟောင်းမှ အညစ်အကြေးများကို အတာရေဖြင့်ဆေးကြောသန့်စင်ကာ နှစ်သစ်တွင် စိတ်သစ်၊ လူသစ်၊ အားမာန်သစ်ဖြင့် အနာဂတ်ခရီးကို လျှောက်လှမ်းကြရမည်ဖြစ်သည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့အခါသမယတွင် ပြည်သူတစ်ရပ်လုံးသည် မင်္ဂလာရှိသော၊ ကောင်းမြတ်သော ပြုဖွယ်ရာများကို ရိုးရာမပျက်ဆောင်ရွက်လျက် ကုသိုလ်ဒါနကောင်းမှုကိစ္စအဝဝကို အစဉ်အလာမပျက် ပြုမြဲ ပြုလေ့ရှိကြသည်။

ဗုဒ္ဓဘာသာဝင်များသည် ဤနေ့၊ ဤရက်အခါသမယတွင် ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးများသို့ သွားရောက်၍ ဥပုသ်သီလဆောက်တည်ကြသည်။ အလှူဒါနများပြုပြီး တရားဘာဝနာများ ပွားများကြသည်။ ရပ်ကွက်၊ ရုံးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းပြီး ကုသိုလ်ကောင်းမှုများပြုကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ လူငယ်၊ လူရွယ်များသည် လူကြီးမိဘ၊ ဆရာသမားများကို အရိုအသေပြု ကန်တော့ကြသည်။ အဘိုးအဘွားတို့ကို ခေါင်းလျှော်ခြင်း၊ ရေချိုးပေးခြင်း၊ ခြေသည်း၊ လက်သည်း လှီးဖြတ်ပေးခြင်းတို့ကိုပြု၍ ကုသိုလ်များရယူကြသည်။ စတုဒိသာကျွေးမွေးခြင်းဖြင့်လည်း အလှူဒါနများ ပြုကြသည်။

မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များတွင် အတာသင်္ကြန်ပွဲတော်သည် လူကြီး၊ လူငယ်မရွေး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည့် ပြည်သူများ၏ အနှစ်သက်ဆုံးပွဲတော်လည်းဖြစ်သည်။ တစ်နှစ်ပတ်လုံး လုပ်ငန်းခွင်အသီးသီး၌ ရုန်းကန်လှုပ်ရှားခဲ့ကြရသူများသည် ၄င်းတို့၏ ကာယ၊ ဉာဏစွမ်းအား များကို အတာရေဖြင့် အားသစ်လောင်းခဲ့ကြပြီဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများသည် မြန်မာ့နှစ်သစ်အချိန်အခါသမယမှစပြီး စိတ်သစ်၊ လူသစ်၊ အားမာန်သစ် တို့ဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီကို စိတ်တူကိုယ်တူ လက်တွဲညီညီ အရောက်လျှောက်လှမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၇

၂၀၁၁ ခုနှစ် ဧပြီ ၁၇ ရက်တွင် ကျရောက်သော ဆီးရီးယား အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆီးရီးယား အာရပ်သမ္မတနိုင်ငံအစိုးရ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝါလစ် အယ်လ် မူအလမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲများ တက်ရောက် ဆိပ်ကြီး-ခနောင်တို ကြိုးတံတား တည်ဆောက်မည့်နေရာကြည့်ရှု

ရန်ကုန် ဧပြီ ၁၆

စာအုပ် စာစောင်များ တိုးပွားရရှိအောင် ဆောင်ရွက်သကဲ့သို့ အသိပညာ ဗဟုသုတမြင့်မားအောင်၊ အတွေး အခေါ်မှန်ကန်လာအောင် စာများများဖတ်ကြရန် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီး-ခနောင်တိုမြို့နယ် ခနောင်တို အရှေ့ရပ်ကွက်၌ ကျင်းပသည့် အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ဆိပ်ကြီး-ခနောင်တိုမြို့နယ်မှ လူငယ် လူရွယ်များနှင့် ဒေသခံများအား မှာကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ဆိပ်ကြီး-ခနောင်တို အရှေ့ရပ်ကွက် အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ရုပ်မြင်သံကြားနှင့် ဒီဗွီဒီပြစက်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဖွင့်လှစ်ပေး

ဆိပ်ကြီး- ခနောင်တိုမြို့နယ် ပန်းပင်ချောင်ရပ်ကွက်နှင့် ဆမားဒူးဝါးရပ်ကွက်တို့ရှိ အလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲများကိုလည်း ယနေ့နံနက်ပိုင်းတွင် အဆိုပါစာကြည့်တိုက်များ၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ ဆိပ်ကြီး-ခနောင်တိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ပါနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးတို့က စာကြည့်တိုက်များကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပေးအပ်

ဖွင့်ပွဲအခမ်းအနားများတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရုပ်မြင်သံကြားနှင့် ဒီဗွီဒီပြစက်များ၊ တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသည့် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်၊ ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့်အလှူရှင်များ လှူဒါန်းသည့် စာအုပ် စာစောင်များကို ကျေးရွာစာကြည့်တိုက်များသို့ ပေးအပ်ကြသည်။

ဆောက်လုပ်ခဲ့

ယနေ့ ဖွင့်လှစ်သည့် ဆိပ်ကြီး-ခနောင်တိုမြို့နယ်မှ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် သုံးခုကို ရန်ကုန်တိုင်းဒေသကြီး၏ မတည်လှူဒါန်းငွေကျပ် ၁၀သိန်းစီ၊ သွပ်အချပ် ၅၀စီနှင့် ရပ်ကွက်ပြည်သူများ၏ လှူဒါန်း ငွေကျပ် ရှစ်သိန်းကျော်စီတို့ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

တည်ဆောက်ပေးသွား

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေလမ်းတစ်ခုတည်းကိုသာ အားထားသွားလာနိုင်သည့် ဆိပ်ကြီး-ခနောင်တိုမြို့နယ်၌ မော်တော်ယာဉ်ဖြင့်ပါသွားလာနိုင်ရန် နိုင်ငံတော်က ပင်မတံတား အရှည်ပေ ၄၈၀၊ တစ်ဖက်လျှင် ပေ ၃၆၀ စီရှိ ချဉ်းကပ်တံတားများ၊ ယာဉ်သွားလမ်းအကျယ် ၂၃ ပေ ၆ လက်မနှင့် တစ်ဖက်လျှင် သုံးပေစီရှိ လူသွားလမ်းပါရှိပြီး ရေလမ်းကင်းလွတ် အမြင့်ပေ ၄၀ ရှိမည့် ခနောင်တို ချောင်းကူး ဆိပ်ကြီး-ခနောင်တို ကြိုးတံတားတစ်စင်းကို တည်ဆောက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ တံတားတည်ဆောက်မည့်နေရာကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောက်လုပ်သော မြို့ကုန်းတံတားဆောက်လုပ်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမြင့်မောင်၊ အင်ဂျင်နီယာမှူး ဦးတင်မောင်စိုးနှင့် ကျေးရွာမှ တာဝန်ရှိသူများ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (ဝဇဇ)

ပြင်စလူမြို့ ပိုးလောင်းကျေးရွာချောင်းကူးတံတားဖွင့်

လပွတ္တာ ဧပြီ ၁၆

လပွတ္တာခရိုင် လပွတ္တာမြို့နယ် ပြင်စလူမြို့ ပြင်အလန်းကျေးရွာအုပ်စု ပိုးလောင်းကျေးရွာ ချောင်းကူးကွန်ကရစ်တံတားဖွင့်ပွဲကို ဧပြီ ၆ ရက် နံနက် ၁၀ နာရီက အဆိုပါတံတားရှေ့၌ ကျင်းပသည်။

ချောင်းကူးကွန်ကရစ်တံတားကို ပိုးလောင်းကျေးရွာရှိ ဒေသခံပြည်သူများ စုပေါင်းလှူဒါန်းဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည် မှာ ၄၅ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ၁၇ ပေရှိသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ပိုးလောင်းကျေးရွာ ချောင်းကူးကွန်ကရစ်တံတားကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးမောင်မောင်လွင်နှင့် ရပ်မိရပ်ဖ ဦးတင့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ (အောက်ပုံ) (ခရိုင် ပြန်/ ဆက်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။ (မီးသတ်ဦးစီးဌာန)

၂၀၁၁ ခုနှစ် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန် Tour Gold Cup ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၆

နေပြည်တော်ရှိ မြို့တော် ဂေါက်ကွင်းနှင့် Royal Myanmar Golf & Country Club ဂေါက်ကွင်းတို့၌ ဧပြီ ၁၃ ရက်မှ စတင်ကျင်းပခဲ့သော ၂၀၁၁ ခုနှစ် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန် Tour Gold Cup ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် မြို့တော်ဂေါက်ကွင်း၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲအခမ်းအနား မစတင်မီ စတုတ္ထနေ့ (၁၈)ကျင်း ပြိုင်ပွဲများကို နံနက်ပိုင်းတွင် မြို့တော် ဂေါက်ကွင်း၌ ကျင်းပရာ Professional အဆင့်တွင် အောင်ဝင်းက စုစုပေါင်းရိုက်ချက် ၇၀ဖြင့် ပထမ၊ မြင့်ရွှေက စုစုပေါင်း ရိုက်ချက် ၇၂ချက်ဖြင့် ဒုတိယ၊ ဇော်ဇော်လတ်က စုစုပေါင်းရိုက်ချက် ၇၂ချက်ဖြင့် တတိယ၊ နိုင်နိုင်လင်းက စုစုပေါင်းရိုက်ချက် ၇၃ချက်ဖြင့် စတုတ္ထနှင့် မြင့်သိန်းက စုစုပေါင်း ရိုက်ချက် ၇၃ချက်ဖြင့် ပဉ္စမရရှိကြသည်။ Amateur အဆင့်တွင် ချစ်မင်းဇံက စုစုပေါင်းရိုက်ချက် ၇၂ ချက်ဖြင့် ပထမ၊ စိုးလင်းအောင်က စုစုပေါင်းရိုက်ချက် ၇၂ ချက်ဖြင့် ဒုတိယ၊ သူရကျော်က စုစုပေါင်း ရိုက်ချက် ၇၄ချက်ဖြင့် တတိယ၊ သီဟအောင်က

နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့် ၂၀၁၁ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန် Tour Gold Cup ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ Professional အဆင့်တွင် လေးရက်ပေါင်း ပထမရရှိသည့် လှမျိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆန်း Amateur အဆင့်တွင် လေးရက်ပေါင်း ပထမရရှိသည့် သိန်းနိုင်စိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စုစုပေါင်းရိုက်ချက် ၇၄ချက်ဖြင့် စတုတ္ထနှင့် သက်မောင်မောင်က စုစုပေါင်းရိုက်ချက် ၇၅ချက်ဖြင့် ပဉ္စမ ရရှိကြသည်။

ထို့နောက်ဆုချီးမြှင့်ပွဲအခမ်းအနား ကို ကျင်းပရာ ပထမနေ့မှ စတုတ္ထနေ့ အထိ နေ့အလိုက် အကောင်းဆုံးဆုရရှိကြသည့် Professional အဆင့်နှင့် Amateur အဆင့် အားကစားသမားများအား သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းထိုက်၊ Royal Myanmar Golf & Country Club မှ ဒါရိုက်တာအဖွဲ့ဝင် ဦးအုန်းကျော်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းထွန်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမင်းနှင့် နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်တို့က ဆုများချီးမြှင့်ကြသည်။

ယင်းနောက် Amateur အဆင့်တွင် လေးရက်ပေါင်း တစ်ဦးချင်း ရိုက်ချက် အကောင်းဆုံးဆုရရှိကြသူများဖြစ်ကြသော အဆင့် ၁၅ ရရှိသည့် အောင်ကျော်(မိုးကုတ်)၊ အဆင့် ၁၄ရရှိသည့် စိုးလင်းအောင်၊ အဆင့် ၁၃ ရရှိသည့် ရဲထက်အောင်၊ အဆင့် ၁၂ ရရှိသည့် သက်မောင်မောင်၊ အဆင့် ၁၁ ရရှိသည့် သက်ဇော်ထွေး၊ အဆင့် ၁၀ ရရှိသည့် မင်းသူရအောင်၊ အဆင့် ၉ရရှိသည့် လင်းသဲ၊ အဆင့် ၈ ရရှိသည့် စိုးမိုးအောင်၊ အဆင့် ၇ ရရှိသည့် သန်းနိုင်ဦး၊ အဆင့် ၆ ရရှိသည့် ရန်မျိုးအေး၊ ပဉ္စမရရှိသည့် မောင်မောင်ဦး၊ စတုတ္ထရရှိသည့် ကျော်စွာလင်း၊ တတိယရရှိသည့် သီဟအောင်၊ ဒုတိယရရှိသည့် သူရကျော်နှင့် ပထမရရှိသည့် သိန်းနိုင်စိုးတို့အား နေပြည်တော် ကောင်စီဝင်များဖြစ်ကြသည့် ဦးမြင့်ရွှေနှင့် ဦးသန်းအောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆန်းတို့က ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ Professional အဆင့်တွင် လေးရက်ပေါင်း တစ်ဦးချင်း ရိုက်ချက် အကောင်းဆုံးဆုရရှိကြသူများဖြစ်ကြသော အဆင့် ၁၅ ရရှိသည့် ကျော်ထူး၊ အဆင့် ၁၄ ရရှိသည့် အောင်ဇော်မိုး၊ အဆင့် ၁၃ ရရှိသည့် ထိန်ဝင်း၊ အဆင့် ၁၂ ရရှိသည့် ခင်ဇော်ဝင်း၊ အဆင့် ၁၁ ရရှိသည့် ယဉ်ထွေး၊ အဆင့် ၁၀ ရရှိသည့် သိန်းဇော်မြင့်၊ အဆင့် ၉ ရရှိသည့် မြင့်သိန်း၊ အဆင့် ၈ ရရှိသည့် မြင့်ရွှေ၊ အဆင့် ၇ရရှိသည့် ဗိုလ်ဗိုလ်၊ အဆင့် ၆ ရရှိသည့် ဇော်ဇင်ဝင်း၊ ပဉ္စမရရှိသည့် စိုးကျော်နိုင်၊ စတုတ္ထရရှိသည့် ဇော်ဇော်လတ်၊ တတိယရရှိသည့် အောင်ဝင်း၊ ဒုတိယရရှိသည့် နိုင်နိုင်လင်းနှင့် ပထမရရှိသည့် လှမျိုးတို့အား နေပြည်တော်ကောင်စီဝင်များဖြစ်ကြသော ဦးစောလှနှင့် ဦးသန်းငွေ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်တို့က ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၁၁ ခုနှစ် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန် Tour Gold Cup ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲ Professional ပြိုင်ပွဲတွင် ပထမဆုရရှိသူအား ငွေကျပ် ၂၅သိန်းနှင့် ရွှေစင် ရုပ်တုကို လည်းကောင်း၊ Amateur ပြိုင်ပွဲတွင် ပထမဆုရရှိသူအား ငွေကျပ် ၁၀သိန်းနှင့် ရွှေစင် ရုပ်တုကို လည်းကောင်း ပေးအပ် ချီးမြှင့်ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

၁၃၇၂ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ် ပိတ်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့သင်္ကြန် အလှဟန်

❍ သင်းရနံ့ဖြာ
ရှင်းသန့်စွာ အရောက်တစ်ခါလှမ်းပါတဲ့
ဝင်းဖန့်ကာ ပိတောက်ဝါပန်းတွေက
ပွင့်လန်းလို့ ဝေဝေဆာ။

❍ တစ်နှစ်ကူးပြန်တော့
အသစ်ထူးကာ ဆင်ယင်မြဲပေမို့
ခါသင်္ကြန်ရိုးရာပွဲတွေနဲ့
ခြိမ့်သဲလို့ ပျော်ရွှင်စွာ။

❍ ဆန်းစခါနွေ
ချမ်းမြစေ အတာရေလောင်းတာကြောင့်
အညစ်အဟောင်းတွေ လွင့်ပြယ်ကြပါလို့
အသစ်အကောင်းတွေ တင့်တယ်ရစေမပေါ့
ဝင့်ထည်လှပါတဲ့ မြန်မာ့သင်္ကြန်ခါ
အလှဟန်ဖြာလို့ ဂုဏ်မြင့်မား။

❍ ယဉ်ကျေးပျူငှာ
အသွင်အသွေးဖြူစွာနဲ့
မြန်မာတွေနှစ်သစ်ဦးမှာဖြင့်
ကြည်နူးစရာ ကုသိုလ်ပြုပါလို့
ကောင်းမှုတွေ အမျှဝေကြပြန်တော့
သာခုသံညံမစဲပါဘူး
သင်္ကြန်ပွဲမှာ ရိုးရာဓလေ့တွေနဲ့
ပျော်မွေ့ကာကြည်ရွှင်လန်းပါလို့
အေးချမ်းစွာပျော်တဲ့ပွဲကို
နွှဲကြစို့လား။ ။

ညွန့်လှိုင်ဝင်း (ကွမ်းခြံကုန်း)

မဟာသင်္ကြန်အတက်နေ့တွင် ရန်ကုန်မြို့နေပြည်သူများ အတာရေသဘင်ပွဲ အားသွန်ဆင်နွှဲ

ရန်ကုန် ဧပြီ ၁၆

ယနေ့သည် ၁၃၇၂ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်၏ နောက်ဆုံးနေ့ဖြစ်သော သင်္ကြန်အတက်နေ့ ဖြစ်သည်။ ခါသင်္ကြန်ကာလများ ကုန်ဆုံးပြီး မကြာမီ နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းရောက်ရှိတော့မည် ဖြစ်သည်။

ရန်ကုန်မြို့နေ ပြည်သူများသည် လာမည့် ၁၃၇၃ ခုနှစ်သစ်ကို ကြိုဆိုရင်း ယနေ့သင်္ကြန်အတက်နေ့တွင် အတာရေသဘင်ပွဲကို အားသွန်ဆင်နွှဲကြသည်။

ရေပက်ကစား

ထိုသို့ဆင်နွှဲကြရာတွင် ရန်ကုန်မြို့တော်ဝန် ရေသဘင်မဏ္ဍပ်၌ နေ့ပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ရေသဘင်ပွဲလာပြည်သူများအား ဖျော်ဖြေပြီး ရေပက်ခံသူများကိုလည်း မြို့တော်စည်ပင်မိသားစုများက အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားကြသည်။

ပြန်လည်ဖျော်ဖြေ

ထို့အတူ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် လမ်း (၅၀) ထောင့်ရှိ လူငယ်လေးများ၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ ရွှေကိန္နရီ၊ လှိုင်မြို့နယ် ပါရမီလမ်းရှိ လှိုင်မာလာ၊ လသာမြို့နယ် အနော်ရထာလမ်းရှိ SKY NET နှင့် Shwe FM Radio ၊ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ပိတောက်မင်းသား၊ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းဈေးရှေ့ရှိ ဖူးရှင်းဘရားသားကုမ္ပဏီ၊ ဗဟန်းမြို့နယ် အရှေ့မြို့ပတ်လမ်းရှိ အဖြူအမည်း၊ ရွှေဂုံတိုင်လမ်းရှိ တော်ဝင်နှင်းဆီ၊ ဦးချစ်မောင်လမ်းရှိ သင်္ကြန်မိုး၊ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းရှိ ရွှေစံပယ်ရိပ်မွန်မိသားစု အစရှိသည့် မြို့နယ်အသီးသီးမှ ရေသဘင်မဏ္ဍပ်များကလည်း ယနေ့သင်္ကြန်အတက်နေ့တွင် အတာရေသဘင်ပွဲတော်ကို အားသွန်ဆင်နွှဲခဲ့ကြသည်။ ရေပက်ခံပြည်သူများကလည်း ရေပက်ခံကားကြီး ကားငယ်တို့ဖြင့် တစ်ဖုံ၊ အစုအဖွဲ့လိုက်ဖြင့် တစ်နည်း၊ တစ်ဦးတစ်ယောက်ချင်းဖြင့်တစ်သွယ် ပျော်ရွှင်မြူးထူးစွာ ရေပက်ခံကြသည်။ ယင်းသို့ပျော်ရွှင်မြူးထူးစွာ ရေကစားကြသူများအား ရေသဘင်မဏ္ဍပ်အချို့တို့မှ တေးသံသာများဖြင့် ပြန်လည်ဖျော်ဖြေကြသည်။

၁၃၇၂ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို ညနေ ၅ နာရီတွင် မြို့တော်ခန်းမရှေ့ရှိ ရေသဘင်မဏ္ဍပ်၌ ကျင်းပရာ ၁၃၇၂ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်ပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးက မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို ပိတ်သိမ်းကြောင်း ကြေညာပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ၊ ရခိုင်ရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ ယိမ်းအဖွဲ့ဝင်များနှင့် ရေသဘင်ပွဲလာပြည်သူများက မန်းတောင်ရိပ်ခိုတေးသီချင်းကို သံပြိုင်သီဆိုကြ၍ တူညီအကများဖြင့် ကပြဖျော်ဖြေကြကာ မဟာသင်္ကြန်ပွဲတော်ကို ပိတ်သိမ်းလိုက်သည်။

ညပိုင်းတွင် ၁၃၇၂ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော ယိမ်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ အက၊ အလှ၊ သဘာဝယာဉ်များအား ရန်ကုန်မြို့တော်ဝန်၊ စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်နှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန် စည်ပင်သာယာရေး ကော်မတီဝင်များ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများက ဆုများကို ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်းများ

ဗြိတိသျှအမျိုးသမီးတစ်ဦး အိန္ဒိယသမုဒ္ဒရာကို တစ်ကိုယ်တော်ဖြတ်ကူး

လန်ဒန် ဧပြီ ၁၆

ဗြိတိသျှအမျိုးသမီးတစ်ဦးသည် အိန္ဒိယသမုဒ္ဒရာကို ၂၃ ပေရှည်သော ရွက်လှေဖြင့် တစ်ကိုယ်တော်ဖြတ်ကူးရန် ဩစတြေးလျနိုင်ငံအနောက်ပိုင်း ဖရီမန်တယ်ဆိပ်ကမ်းမှ ထွက်ခွာသွားခဲ့ကြောင်း ဧပြီ ၁၆ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကြိုးစား

အသက် ၄၃ နှစ်အရွယ်ရှိ ရို့ဇ်ဆာဗေ့ဂျ်(**အပေါ်ပုံ**)သည် ဧပြီ ၁၃ရက်က အဆိုပါဆိပ်ကမ်းမှ ထွက်ခွာသွားခဲ့ခြင်းဖြစ်ကြောင်း၊ သူမသည် အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကိုလည်း ရွက်လှေဖြင့် တစ်ကိုယ်တော်ဖြတ်ကူးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းအနေဖြင့် သမုဒ္ဒရာသုံးခုကို ဖြတ်ကူးနိုင်သည့် ပထမဆုံးအမျိုးသမီးဖြစ်လာရေး ကြိုးစားခြင်းဖြစ်ကြောင်း သိရသည်။

စီစဉ်ထား

ယခုခရီးစဉ်ကို လေးလခွဲခန့် အချိန်ကြာမြင့်မည်ဟု ခန့်မှန်းထားပြီး အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ဆိပ်ကမ်းသို့ နောက်ဆုံးဆိုက်ရောက်ရန် စီစဉ်ထားသည်။

(အင်တာနက်)

ထိုင်းနိုင်ငံတွင် ဆောင်ခရန် ရေသဘင်ပွဲတော်ဆင်နွှဲ၊ လေးရက်အတွင်း ၁၈၈ ဦးသေဆုံး

ဗန်ကောက် ဧပြီ ၁၆

ထိုင်းနိုင်ငံ၏ ဆောင်ခရန်ရေသဘင်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ ၁၇ ရက်အထိ ဆင်နွှဲလျက်ရှိရာ ယာဉ်တိုက်မှုများကြောင့် ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ သေဆုံးသူ ၁၈၈ ဦးရှိပြီး ဒဏ်ရာရရှိသူ ၂၇၈၆ ရှိကြောင်း ထိုင်းအရာရှိများက ဧပြီ ၁၆ ရက်က ပြောကြားသည်။

ရေသဘင်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ စတင်သော်လည်း ထိုင်းပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသွားများမှာ ဧပြီ ၁၁ ရက်မှ စတင်ရေပက်ကာ ရေသဘင်ပွဲတော် ဆင်နွှဲလေ့ရှိကြသည်။

ဖြစ်ပွား

ထို့ကြောင့် ဧပြီ ၁၁ ရက်မှ ၁၃ ရက်အထိ ယာဉ်တိုက်မှု ၁၆၂၆ ခု ဖြစ်ပွားခဲ့သည်။ ဧပြီ ၁၃ ရက် တစ်ရက်တည်း၌ပင် သေဆုံးသူဦးရေ ၅၇ ဦး ရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၇၈၄ ဦးရှိခဲ့သည်။

ယာဉ်တိုက်မှု အများအပြားမှာ ရေသဘင်ပွဲတော်ဆင်နွှဲရင်း အရက်သောက်သုံးပြီး ယာဉ်မောင်းရာမှ ယာဉ်တိုက်မှုများ ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ထိုင်းအရာရှိများက ပြောကြားသည်။ ဆောင်ခရန် ရေသဘင်ပွဲတော်မှာ ထိုင်းနိုင်ငံ၏ ထင်ရှားသော နှစ်သစ်ကူးရိုးရာပွဲတော်တစ်ရပ်ဖြစ်ရာ အရက်သေစာသောက်သုံးပြီး ဆိုင်ကယ်များ၊ မော်တော်ယာဉ်များဖြင့် ရေကစားထွက်ကြသည့်အတွက် နှစ်စဉ် လူသေဆုံးမှုများခဲ့ရခြင်း ဖြစ်သည်။

(အင်တာနက်)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဆောင်ခရန် နှစ်သစ်ကူးရေသဘင်ပွဲတော်တွင် ပါဝင်ဆင်နွှဲနေကြသူများအား ဧပြီ ၁၆ ရက်က ဤသို့တွေ့ရသည်။

ဖောက်ခွဲရေးပစ္စည်း ကီလိုဂရမ် ၁၆၀၀ ခန့် စပိန်၌ သိမ်းဆည်းရမိ

မက်ဒရစ် ဧပြီ ၁၆

စပိန်ရဲတပ်ဖွဲ့ဝင်များက ယခုသီတင်းပတ်အတွင်း ဗုံးပြုလုပ်ရာတွင် အသုံးပြုသည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်း စုစုပေါင်း ကီလိုဂရမ် ၁၆၀၀ ခန့်ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ယင်းပစ္စည်းများမှာ စပိန်နိုင်ငံအတွင်း အင်အားအကြီးဆုံးဖြစ်သော အီးတီအေ (ဘက်စကွက်ဒေသ လွတ်မြောက်ရေး) လက်နက်ကိုင်အုပ်စုမှ ပစ္စည်းများဖြစ်နိုင်ကြောင်း စပိန်ရဲတပ်ဖွဲ့က ဧပြီ ၁၆ ရက်၌ ပြောကြားသည်။

ဗုံးခွဲ

စပိန်ရဲတပ်ဖွဲ့ဝင်များက ယခုသီတင်းပတ်အတွင်း သံသယရှိသူ အီးတီအေ လက်နက်အဖွဲ့ဝင် သုံးဦးအား ဖမ်းဆီးခဲ့ကြောင်း၊ ယင်းသုံးဦးတွင် မကြာမီက အသေခံဗုံးခွဲတိုက်ခိုက်ရန် စီစဉ်သူတစ်ဦးလည်း ပါဝင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဖြည့်ဆည်း

ဖမ်းဆီးခဲ့သူကျန်နှစ်ဦးမှာ စပိန်နိုင်ငံမြောက်ပိုင်းမှဖြစ်ပြီး အီးတီအေလက်နက်ကိုင် အဖွဲ့သို့ ဗုံးများပြုလုပ်နိုင်ရန်အတွက် လိုအပ်သော ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများကို ထောက်ပံ့ဖြည့်ဆည်းပေးနေသူများ ဖြစ်ကြသည်။

တိုက်ခိုက်

စပိန်နိုင်ငံမှ အီးတီအေ လက်နက်ကိုင်အဖွဲ့သည် ကားဗုံးများ၊ ပါဆယ်ဗုံးများဖြင့် အချိန်ကြာမြင့်စွာကပင် စပိန်အစိုးရအား တိုက်ခိုက်နေကြသူများဖြစ်ပြီး ဗုံးခွဲတိုက်ခိုက်မှုကြောင့် စပိန်ပြည်သူများစွာ သေကျေထိခိုက် ဒဏ်ရာရခဲ့ကြသည်။

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

အမေရိကန်၌ လေဆင်နှာမောင်းတိုက်ခတ်၊ ကိုးဦးသေဆုံး

ဟူစတန် ဧပြီ ၁၆

အမေရိကန်နိုင်ငံ အာကင်ဆက်နှင့် အိုကလာဟိုးမားပြည်နယ်များတွင် ဧပြီ ၁၅ ရက်က လေဆင်နှာမောင်းများတိုက်ခတ်မှုနှင့် လေပြင်းများတိုက်ခတ်မှုကြောင့် အနည်းဆုံးကိုးဦးသေဆုံးခဲ့ကြောင်း အမေရိကန်အရာရှိများက ဧပြီ ၁၆ ရက်၌ ပြောကြားသည်။ **(အပေါ်ပုံ)**

သေဆုံးသူများမှာ အိုကလာဟိုးမားပြည်နယ်တွင် နှစ်ဦးနှင့်အာကင်ဆက်ပြည်နယ်တွင် ကလေးငယ်သုံးဦးအပါအဝင် ခုနစ်ဦးသေဆုံးခဲ့သည်။ အာကင်ဆက်ပြည်နယ်မှ သေဆုံးသူနှစ်ဦးမှာ လေဆင်နှာမောင်းတိုက်ခတ်ပြီးနောက် နေအိမ်ပေါ်သစ်ပင်ပြိုကျမှုကြောင့် မိခင်နှင့်ခုနစ်နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ရခြင်းဖြစ်သည်။

ပျက်စီး

ထို့အတူ သေဆုံးသူအများစုမှာ သစ်ပင်များပြိုလဲမှုနှင့် နေအိမ်များပြိုကျမှုကြောင့် သေဆုံးရခြင်းဖြစ်သည်။ လေဆင်နှာမောင်းတိုက်ခတ်မှုနှင့် လေပြင်းများတိုက်ခတ်မှုတို့ကြောင့် ယင်းပြည်နယ်နှစ်ခုတွင် နေအိမ်အဆောက်အအုံများပျက်စီးပြီး လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ကာ မော်တော်ယာဉ်အသွားအလာများ ရပ်ဆိုင်းခဲ့ရသည်။

(အင်တာနက်)

❖ မိုးမြင့်လင်းလက် စုစည်းသည် ❖

ဂျပန်၌ အင်အားပြင်း ငလျင်လှုပ်

တိုကျို ဧပြီ ၁၆

ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်း အရှေ့ဘက်ကမ်းလွန် ရေအောက်ကြမ်းပြင်အနက် ကီလိုမီတာ ၈၀ ခန့်ကို ဗဟိုပြုပြီး ဧပြီ ၁၆ ရက် နံနက် ၁၀ နာရီ ၁၉ မိနစ်ခန့်က ရစ်ချ်တာစကေး ၆ ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

အနည်းငယ်ရှိ

တစ်ဖန် ယင်းငလျင်လှုပ်ပြီး မကြာမီ နံနက် ၁၁ နာရီ ၁၉မိနစ်ခန့်ကလည်း ဂျပန်နိုင်ငံ ကန်တိုဒေသ၌ ရစ်ချ်တာစကေး ၅ ဒသမ ၉ ရှိ ငလျင်ထပ်မံလှုပ်ခဲ့သည်။ ထိုသို့ ငလျင်များလှုပ်မှုကြောင့် နေအိမ်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါပြီး ပျက်စီးမှုအနည်းငယ်ရှိခဲ့ကြောင်း၊ ဆူနာမီသတိပေးချက် ထုတ်ပြန်မှုမရှိကြောင်း သိရသည်။

(အင်တာနက်)

နီပေါနိုင်ငံ၌ ပါကစ္စတန်သံရုံးဝန်ထမ်းတစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရ

ခတ္တမန္ဒူ ဧပြီ ၁၆

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် ပါကစ္စတန် သံရုံးဝန်ထမ်းတစ်ဦး ဧပြီ ၁၅ ရက်က သေနတ်ဖြင့် ပစ်ခတ်ခံရသဖြင့် ဒဏ်ရာရရှိခဲ့ကြောင်း နီပေါအရာရှိများက ဧပြီ ၁၆ ရက်၌ ပြောကြားသည်။

ဖြစ်ပွားမှုမှာ ခတ္တမန္ဒူမြို့ ပါကစ္စတန်သံရုံးရှိ ဗီဇာဌာနမှ အရှစ်ဖ်အမည်ရှိ **(အောက်ပုံ)** ဝန်ထမ်းသည် ဆိုင်ကယ်စီးပြီး သံရုံးသို့လာစဉ် အခြားဆိုင်ကယ်တစ်စီးပေါ်မှ သေနတ်သမားနှစ်ဦးက သေနတ်ဖြင့် ၁၀ ချက်ခန့် ပစ်ခတ်သွားခြင်းဖြစ်သည်။

ဦးခေါင်းနှင့် ဝဲဘက်လက်တို့တွင် ဒဏ်ရာရရှိခဲ့သော အရှစ်ဖ်မှာ ဆေးရုံ၌ကုသမှုခံယူနေရပြီး အသက်အန္တရာယ်စိုးရိမ်ရဖွယ်မရှိကြောင်း၊ ထိုသို့ ပစ်ခတ်တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး မည်သည့်အဖွဲ့၏လက်ချက်ဖြစ်သည်ကို မသိရသေးကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ပါကစ္စတန်သံရုံးကလည်း ယင်းပစ်ခတ်မှုနှင့်ပတ်သက်ပြီး နီပေါအစိုးရက စုံစမ်းစစ်ဆေးမှုများ အလေးထားပြုလုပ်ကာ တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်လိမ့်မည်ဟု ထုတ်ဖော်ပြောကြားသည်။ လောလောဆယ်၌ သံသယရှိသူ ၁၅၀ ခန့်အား မေးမြန်းစုံစမ်းလျက်ရှိသည်ဟု ခတ္တမန္ဒူမြို့ ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

(အင်တာနက်)

နှစ်သစ်ကူး ဆုတောင်း စကားလက်ဆောင်

အင်တာဗျူး-မြင့်မောင်စိုး ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၆

နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးခဲ့ပြီ။ ယနေ့သည်ပင်လျှင် မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ်၏ ပထမဆုံးရက် နှစ်ဆန်းတစ်ရက်နေ့ပင်ဖြစ်သည်။ နှစ်ဟောင်းကအညစ်အကြေးများ သင်္ကြန်ရေဖြင့် ဆေးကြောပက်ဖျန်းခဲ့ကြပြီဖြစ်၍ အရာရာတိုင်း အသစ်အသစ်တို့နှင့် လန်းဆန်းစေခဲ့ပြီဖြစ်သည်။

''အသက်အရွယ် ရလာသူတိုင်း ဒါန၊ သီလ၊ ဘာဝနာ ရဖို့ ကြိုးစားအားထုတ်သင့်ပြီမဟုတ်လား'' ဒေါ်မြင့်မြင့်စိန်။

လူတိုင်းလူတိုင်း နှစ်သစ်ကူးအခါသမယတွင် လူသစ်၊ စိတ်သစ်၊ အားသစ်၊ အင်သစ်များဖြင့် မိမိတို့၏ လုပ်ငန်းဆောင်တာ အဝဝကို ဆက်လက်တိုးတက်အောင်မြင်မှုများ ရရှိစေရန်အလို့ငှာ ကြိုးစားအားထုတ်ကြရပေဦးမည်။

ကြိုးပမ်း

ထိုသို့ ကြိုးစားအားထုတ်သည်ဟု ဆိုရာဝယ်လူတိုင်းသည် လောကီ၊ လောကုတ္တရာနှစ်ဖြာတွင် အသက်အရွယ်အလိုက် လုပ်ဆောင်ကြရခြင်းဖြစ်ရာ အသက်အရွယ်ကြီးသူများအတွက် တရားဓမ္မကို ပိုမိုအားထုတ်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သကဲ့သို့ လူငယ်လူရွယ်တို့အနေဖြင့်လည်း ပညာနှင့်စီးပွားကို ရှာဖွေလုပ်ကိုင်နိုင်ကြရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

ထို့ကြောင့် မြန်မာ့အလင်းသတင်းအဖွဲ့အနေဖြင့် ပြည်သူတို့ထံ နှစ်သစ်ကူး စကားလက်ဆောင်ပါးနိုင်ရန်သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ရှိ နေရာအချို့ကို သွားရောက်ကာ အင်တာဗျူးများ ပြုလုပ်ခဲ့ပါသည်။

ဦးစွာရောက်ခဲ့သည့် နေရာကား ရန်ကုန်မြို့လယ်ရှိ ဆူးလေစေတီတော်ဖြစ်သည်။ ဘုရားပေါ်သို့ရောက်သည်ဆိုလျှင်ပင် ခေါင်းလောင်းထိုးသံများ၊ တရားဓမ္မရွတ်ဆိုသံများ၊ ဆုတောင်း အမျှဝေသံများ ကြားလိုက်ရသည်။ သင်္ကြန်ရက်များအတွင်း ဘုရားတွင်ဆိတ်ငြိမ်အေးချမ်းစွာ ပုတီးစိပ်၊ တရားထိုင်ကြသူများ၊ ပန်းရေချမ်း၊ ဆီမီးကပ်လှူ ပူဇော်ကြသူများကို တွေ့ခဲ့ရသည်။

ထို့နောက် လမ်းမတော်မြို့နယ်မှ အဘွားဒေါ်မြင့်မြင့်စိန်အား မေးမြန်းရာ-

''အဘွားအနေနဲ့ ယခုလို သင်္ကြန်ရက်ရောက်တိုင်း ဘုရားမှာဖြစ်ဖြစ်၊ ဘုန်းကြီးကျောင်းမှာဖြစ်ဖြစ် ဥပုသ်သီတင်းသီလ ဆောက်တည်တယ်၊ ပန်းရေချမ်း၊ ဆီမီးကပ်လှူတယ်၊ တရားထိုင်တယ်၊ ပုတီးစိပ်တယ်၊ ဒါကလဲ သွားလာနိုင်တုန်း သွားရလာရတာပါ။

''တိုင်းရင်းသား ပြည်သူအပေါင်း ရင်ထဲက ဆန္ဒတွေအားလုံး ပြည့်ဝကြပါစေ'' အဆိုတော်တူးတူး။

အသက်အရွယ်ရလာသူတိုင်း ဒါန၊သီလ၊ ဘာဝနာအမှုတွေရဖို့ ကြိုးစားအားထုတ်သင့်ပြီမဟုတ်လား''ဟု နှစ်သစ်ကူး ဓမ္မစကား လက်ဆောင်ပါးလေသည်။

အောင်မြင်တိုးတက်

ထို့နောက် သတင်းအဖွဲ့သည် ဗိုလ်ချုပ်ဈေးရှေ့ရှိ HONGHE ရေကစားမဏ္ဍပ်သို့ ရောက်ခဲ့သည်။ ၎င်း ရေကစားမဏ္ဍပ်ကို တာဝန်ခံ ကိုအောင်ကျော်စိုးက ''ယနေ့ခေတ်ကြီးမှာ နယ်ပယ်အသီးသီးက ပြိုင်ဆိုင်မှုတွေ များလာတာ တွေ့ရပါတယ်။ ဒီလိုပြိုင်ဆိုင်မှုတွေ များလာတဲ့ အချိန်မှာ အရည်အသွေးကောင်းမွန်တဲ့ ကုန်ပစ္စည်းတွေ ထုတ်လုပ်ပြီး ဈေးကွက်သစ်များရရှိဖို့ ညီညီညွတ်ညွတ်နဲ့ မဆုတ်မနစ်သောဇွဲ၊ လုံ့လတို့နဲ့ ကြိုးစားအားထုတ်ကြရပါတယ်။ ယခုလို နှစ်သစ်ကူး အခါသမယမှာသည် အခြားသော ကုမ္ပဏီများ၊ လုပ်ငန်းကြီးများ၊ လုပ်ငန်းငယ်အသီးသီးတို့လည်းအောင်မြင်တိုးတက်ကြပါစေ၊လုပ်ငန်းကိုင်ငန်းများအဆင်ပြေချောမွေ့ကြပါစေလို့ ကျွန်တော်တို့ ဆုမွန်ကောင်း တောင်းပါတယ်'' ဟု နှစ်သစ်ကူး စကားလက်ဆောင်ပါးသည်။

''စိတ်သစ်လူသစ်နဲ့ လုပ်ငန်းတာဝန်တွေ ထမ်းဆောင်သွားမှာပါ'' မဇင်မာမောင်(မြို့တော်စည်ပင်)။

ထို့အတူHONGHEရေကစားမဏ္ဍပ်တွင် ဖျော်ဖြေနေသူ အဆိုတော် တူးတူးကလည်း ''နှစ်သစ်ကူးအချိန်အခါမှာ တိုင်းရင်းသားပြည်သူအပေါင်း ရင်ထဲကဆန္ဒတွေအားလုံး

''နှစ်သစ်မှာ လုပ်ငန်းစီးပွား တိုးတက်ကြပါစေလို့ ဆုတောင်းပါတယ်'' အဆိုတော်ဆုန်သင်းပါရ်။

ပြည့်ဝကြပါစေ''လို့ ဆုတောင်းစကား ပြောကြားသည်။

ဆုတောင်း

ပြည်သူချစ် အနုပညာရှင်တစ်ဦးဖြစ်သည့် ဆုန်သင်းပါရ်ကလည်း ''ယခုနှစ် နှစ်သစ်ကူးမှာ မြန်မာပြည်သူအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေ၊ လုပ်ငန်းစီးပွား တိုးတက်ကြပါစေလို့ ဆုတောင်းပါတယ်။ ပရိသတ်တွေရဲ့ အားပေးမှုနဲ့ သင်္ကြန်ပြီးရင် ကိုယ်ပိုင်သံစဉ်နဲ့ တေးစီးရီးအသစ်ထွက်ဖို့ရှိပါတယ်''ဟု ပြောကြားသည်။

တစ်ဖန် ရန်ကုန်မြို့တော်ဝန် ရေကစားမဏ္ဍပ်၌ ရေကစားနေသော မြို့တော်စည်ပင် (ရေသန့်ဌာန)မှ မဇင်မာမောင်က ''ကျွန်မကတော့ဝန်ထမ်းဆိုတော့ ယခုလို နှစ်သစ်ကူး အခါသမယမှသည် စိတ်သစ်လူသစ်နဲ့ လုပ်ငန်းတာဝန်တွေ ကျေပွန်စွာ ထမ်းဆောင်တဲ့ ဝန်ထမ်းဖြစ်ဖို့ ကြိုးစားသွားမှာပါ''ဟု ပြောကြားသည်။

စာကြိုးစားကြမယ်

ထို့နောက် လသာမြို့နယ်ရှိ SKY NET ရေကစားမဏ္ဍပ်၌ ရေကစားနေသော အဆိုတော် ပိုးဥက ''သမီးကတော့ Super Singer အဖွဲ့မှာ သီချင်းတွေသီဆိုနေတဲ့ အဆိုတော်ဖြစ်ပါတယ်။ ပြီးတော့ သမီးက အီးမေဂျာ ဒုတိယနှစ်တက်နေတဲ့ ကျောင်းသူတစ်ဦးလည်း ဖြစ်ပါတယ်။ လူငယ်တစ်ယောက် အနေနဲ့ ယခုလို နှစ်သစ်ကူးမှာ ပျော်စရာရှိရင်ပျော်မယ်၊ ပြီးရင်တော့ စာကျက်စရာ၊ ဖတ်စရာရှိရင် ကျက်မယ်၊ ဖတ်မယ်၊ ကြိုးစားမယ်၊ ဒါသမီးရဲ့ဆန္ဒပဲ။ အားလုံးသော သူငယ်ချင်းတွေ၊ ကျောင်းသား ကျောင်းသူတွေ အားလုံးကိုလည်း ဒီအတိုင်းပဲ ကြိုးစားစေချင်တယ်။ အားလုံးကို မိမိဖြစ်ချင်တဲ့ဆန္ဒအတိုင်း ပန်းတိုင်ရောက်သည်အထိ လျှောက်လှမ်းနိုင်ကြပါစေလို့ နှစ်သစ်ကာလမှာ ဆုတောင်းချင်ပါတယ်'' ဟု ပြောကြားသည်။

နှစ်သစ်ကူးဆုတောင်း

ယခုအခါ တစ်နှစ်ဟောင်း၍ တစ်နှစ်သစ်ခဲ့ပြီမို့ လူတိုင်းလူတိုင်း မိမိတို့၏ ဆောင်ရွက်လုပ်ကိုင်နေသောကိစ္စအဝဝကို အရှိန်အဟုန်တိုးမြှင့်လုပ်ကိုင်ကြပြီး ရည်မှန်းချက်ပန်းတိုင်လှမ်းကိုင်နိုင်ကြသည်အထိ ကြိုးစားအားထုတ်နိုင်ကြပါစေကြောင်းနှစ်သစ်ကူးဆုတောင်းအဖြစ် စကားလက်ဆောင်ပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

''နှစ်သစ်မှာ ပျော်စရာရှိရင် ပျော်မယ်'' အဆိုတော်ပိုးဥ။

မြဝတီရုပ်မြင်သံကြား

၁၇-၄-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၉။ ခါသင်္ကြန်အဆိုအကများ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
၁၁:၀၅ ၄။ အဖွင့်သီချင်း
၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၂၀ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၄၈)
၁၂:၃၀ ၇။ ကျန်းမာသုတ
၁၂:၄၀ ၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၅၉)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၀ ၇။ လျှပ်တစ်ပြက်
၄:၃၀ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄:၄၀ ၉။ မြန်မာ့ရှုခင်း
၄:၅၀ ၁၀။ ကြိုတင်တားဆီးရန်သူမီး
၅:၁၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၅၀ ၁၄။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း-၃၀) (ဇာတ်သိမ်း)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ လျှပ်တစ်ပြက်
၂၁။ ပဟေဠိနန်းတော်
၂၂။ ကျန်းမာသုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း-၅)
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၄၆)

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

ဆော်ဒီခရီးသည်တင် လေယာဉ် မီးလောင်မှုကြောင့် အရေးပေါ်ဆင်းသက်

မောင်ချစ်ကြည်-စုစည်းသည်

အေသင် ဧပြီ ၁၆

ခရီးသည် ၂၃၉ဦးကို တင်ဆောင်လာသော ဆော်ဒီအာရေဗျလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဧပြီ ၁၅ ရက်က အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့မှ ဆော်ဒီအာရေဗျနိုင်ငံသို့ ပျံသန်းလာစဉ် ကုန်ပစ္စည်းများထားသည့်နေရာမှ မီးလောင်မှုသတိပေးချက်ထွက်ပေါ်လာသဖြင့် ဂရိနိုင်ငံ အေသင်လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ကြောင်း ဂရိအရာရှိများက ပြောကြားသည်။

ယင်းလေယာဉ်သည် လျှပ်စစ်ဝိုင်ယာကြိုးများ ရှော့ခ်ဖြစ်ရာမှ မီးလောင်မှု အနည်းငယ်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ခရီးသည်များ ထိခိုက်မှုမရှိကြောင်း သိရသည်။ *(အင်တာနက်)*

ဧပြီ ၁၆ရက် ကမ္ဘာ့ဈေးကွက်

စဉ်	ကုန်ပစ္စည်း	အရေအတွက်	ဈေးနှုန်း(အမေရိကန်ဒေါ်လာ)
၁။	ရေနံစိမ်း	တစ်စည်	၁၀၉ ဒသမ ၃၉
၂။	သဘာဝဓာတ်ငွေ့	တစ်ကုဗမီတာ	၄ ဒသမ ၂၁
၃။	ရွှေ	တစ်အောင်စ	၁၄၈၆ ဒသမ ၇၈
၄။	ငွေ	တစ်အောင်စ	၄၂ ဒသမ ၉၉
၅။	ကြေး	တစ်အောင်စ	၄ ဒသမ ၂၅

ပုဇွန်တောင်မြို့နယ်၌ မသမာသူများက ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ ပြုလုပ်ဖန်တီးထားသည့် မသင်္ကာဖွယ် စက္ကူပုံး တစ်ပုံးအား ရှင်းလင်းဖယ်ရှားခဲ့၊ စက္ကူပုံးအတွင်း ဖောက်ခွဲရေးပစ္စည်းများပါရှိခြင်းမရှိသော်လည်း ပြည်သူများသတိရှိကြရန် သက်ဆိုင်ရာက နှိုးဆော်ထား

နေပြည်တော် ဧပြီ ၁၆

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ လမ်းဘေးပလက်ဖောင်း တစ်နေရာ၌ ဧပြီ ၉ ရက် ညနေပိုင်းတွင် နိုင်ငံတော်အား ဆန့်ကျင်နေသည့်အဖွဲ့အစည်းများနှင့် အဖျက်အမှောင့်ပြုလုပ်လိုသူများက ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်၍ စက္ကူပုံးတစ်ပုံးကို ချထားခဲ့မှုကြောင့် တာဝန်ရှိသူများက ရှင်းလင်းဖယ်ရှားခဲ့ရကြောင်း၊ ယင်းစက္ကူပုံးထဲတွင် ဖောက်ခွဲရေးပစ္စည်းများပါရှိခြင်း မရှိသော်လည်း ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ဖန်တီးထားသည့်အတွက် သင်္ကာမကင်းဖွယ်စက္ကူပုံးအဖြစ်သတ်မှတ်ကာ ရှင်းလင်းဖယ်ရှားခဲ့ရကြောင်း သိရှိရသည်။

တွေ့ရှိခဲ့

စုံစမ်းစစ်ဆေးချက်များအရ ထိုနေ့ မွန်းလွဲ ၃ နာရီခန့်တွင် ပုဇွန်တောင်မြို့နယ် အထက်ပုဇွန်တောင်လမ်း ပုဇွန်တောင်ဈေး မျက်နှာချင်းဆိုင်ရှိ ထီဆိုင်တစ်ဆိုင်၏ရှေ့ လမ်းဘေးပလက်ဖောင်းတွင် ထီး၊ ဖိနပ်ပြင်သူနှစ်ဦးက ၎င်းတို့ဖိနပ်ချုပ်နေကြစဉ် မျက်နှာသွယ်၊ ဆံပင်တို၊ အသားညို၊ နှုတ်ခမ်းမွေးရေးရေးရှိပြီး အရပ် (၅)ပေ (၅)လက်မခန့်၊ အသက်(၄၀) ခန့်ရှိသူတစ်ဦးနှင့် ဆံပင်တို၊ အသားညို၊ ခန္ဓာကိုယ်တောင့်တင်းပြီး အရပ် (၅)ပေ (၄)လက်မခန့်ရှိသူတစ်ဦးတို့သည် ၎င်းတို့ ဖိနပ်ချုပ်ဆိုင်အနီး၌ အလျား(၁)ပေ(၈)လက်မ၊ အမြင့်(၁)ပေခွဲ၊ အနံ(၁)ပေခန့်ရှိ Red Ruby စာတမ်းပါ စက္ကူဂျပ်ပုံးတစ်ပုံးကို ချထားပြီး ၁၅ မိနစ်ခန့် ရပ်နေသည်ကို သတိထားမိကြောင်း၊ သို့ရာတွင် ယင်း လူစိမ်းနှစ်ဦး မည်သည့်အချိန်က ထွက်ခွာသွားသည်ကိုမူ သတိမထားမိခဲ့ကြောင်း၊ ညနေ ၅ နာရီခန့်တွင် ၎င်းစက္ကူပုံးမှာ အဆိုပါနေရာ၌ပင် ဆက်လက်ရှိနေသေးသည့်အတွက် သင်္ကာမကင်းဖြစ်ကာ ပုဇွန်တောင်ရဲစခန်းသို့အကြောင်းကြားခဲ့ကြောင်း၊ ထိုမှတစ်ဆင့် တာဝန်ရှိသူများရောက်ရှိပြီး ၎င်းစက္ကူပုံးအား သေချာစစ်ဆေးရာ စက္ကူပုံးအတွင်း ဆာလာအိတ်တစ်ဝက်ခန့်ရှိ ကိုင်းမြက်များနှင့် အုန်းသီးခွံတစ်ခုတို့ကိုတွေ့ရှိခဲ့ရကြောင်း သိရှိရသည်။

နှိုးဆော်ထား

အများပြည်သူတို့အနေဖြင့် ဤသို့ မသင်္ကာဖွယ်ပစ္စည်းများတွေ့ရှိပါက ဖုန်းနံပါတ်(၁၉၉)သို့လည်းကောင်း၊ နီးစပ်ရာရဲကင်း၊ ရဲစခန်းများသို့လည်းကောင်း ဆက်သွယ်သတင်းပေးပို့ကြရန်နှင့် အထုပ်များ၊ ကက်ဆက်များ၊ တယ်လီဖုန်းများစသည်တို့ကို ပိုင်ရှင်မဲ့တွေ့ရှိရပါကလည်းကောင်း၊ နေရာတစ်နေရာတွင် ၎င်းနေရာနှင့်မသက်ဆိုင်သော၊ မရှိသင့်သောပစ္စည်းများ ထူးခြားစွာ ရောက်ရှိနေပါကလည်းကောင်း၊ ထားရှိသောပစ္စည်းအရေအတွက်ထက် ပိုမိုနေပါကလည်းကောင်း၊ မလုံမလဲ အမူအရာပျက်နေသူကို တွေ့ရှိပါကလည်းကောင်း အထူးသတိထားလျက် သတင်းပေးပို့ကြပါရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန်ဦးသိန်းညွန့် ၁၆ ဦး ယှိမ်းအကပြိုင်ပွဲတွင် ပထမဆုရ ဆောက်လုပ်ရေးဝန်ကြီးဌာန ယှိမ်းအကအဖွဲ့အား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး ၁၆ ဦး ယှိမ်းအကပြိုင်ပွဲတွင် ဒုတိယဆုရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ယှိမ်းအကအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ၁၂ ဦး ယှိမ်းအကပြိုင်ပွဲတွင် တတိယဆုရ ဟိုတယ်ရွှေပြည်တော် ယှိမ်းအကအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းထွန်း ၁၆ ဦး ယှိမ်းအကပြိုင်ပွဲတွင် ဆဌမဆုရ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ယှိမ်းအကအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းထွန်း ၁၆ ဦး ယှိမ်းအကပြိုင်ပွဲတွင် အဌမဆုရ ကျန်းမာရေးဝန်ကြီးဌာန ယှိမ်းအကအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆုပေးအပ်ချီးမြှင့်

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆန်း ၁၂ ဦး ယှိမ်းအကပြိုင်ပွဲတွင် သတ္တမဆုရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ယှိမ်းအကအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

ယှိမ်းအကအဖွဲ့တို့အား လည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းထွန်းက ၁၆ ဦး ယှိမ်းအကပြိုင်ပွဲတွင် သတ္တမဆုရ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ယှိမ်းအကအဖွဲ့နှင့် ဆဌမဆုရ အမှတ် (၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ယှိမ်းအကအဖွဲ့တို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ၁၂ ဦး ယှိမ်းအကပြိုင်ပွဲတွင် ပဉ္စမဆုရ Mount Pleasant Hotel ယှိမ်းအကအဖွဲ့၊ စတုတ္ထဆုရ နေပြည်တော်တိုင်းစစ်ဌာနချုပ် ယှိမ်းအကအဖွဲ့နှင့် တတိယဆုရ ဟိုတယ်ရွှေပြည်တော် ယှိမ်းအကအဖွဲ့တို့အားလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က ၁၂ ဦး ယှိမ်းအကပြိုင်ပွဲတွင် ဒုတိယဆုရ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ယှိမ်းအကအဖွဲ့နှင့် ၁၆ ဦး ယှိမ်းအကပြိုင်ပွဲတွင် ပဉ္စမဆုရ သိမ်းကုမ္ပဏီ ယှိမ်းအကအဖွဲ့တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးက ၁၆ ဦး ယှိမ်းအကပြိုင်ပွဲတွင် စတုတ္ထဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာန ယှိမ်းအကအဖွဲ့၊ တတိယဆုရ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ယှိမ်းအကအဖွဲ့နှင့် ဒုတိယဆုရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ယှိမ်းအကအဖွဲ့တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်က ၁၂ ဦး ယှိမ်းအကပြိုင်ပွဲတွင် ပထမဆုရ ရွှေညော့်သည်ဟိုတယ် ယှိမ်းအကအဖွဲ့၊ ၁၆ ဦး ယှိမ်းအကပြိုင်ပွဲတွင် ပထမဆုရ ဆောက်လုပ်ရေး ဝန်ကြီးဌာန

စာမျက်နှာ ၇ ကော်လံ ၁ သို့

၁၂ ဦး ယှိမ်းအက

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း ၁၂ ဦး ယှိမ်းအကပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသည့် ယှိမ်းအကအဖွဲ့များအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

၁၆ ဦး ယှိမ်းအက

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် ၁၆ ဦး ယှိမ်းအကပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသည့် ယှိမ်းအကအဖွဲ့များအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

17-4 (06).pmd 1 4/17/2011, 3:15 AM

မဟာဝိဇယစေတီတော်ကြီး၌ ဘာနုရာဇာနေမင်းကြီးက မြတ်စွာဘုရားအား ဦးခိုက်ပူဇော်မည်

နေပြည်တော် ဧပြီ ၁၆

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ အပရာဇိတပလ္လင်ပေါ်၌ သီတင်းသုံး စံပယ်လျက်ရှိသည့် နာဂစိဝရာပဋ္ဌပဋိမာ မြတ်စွာဘုရားဆင်းတုတော်မြတ်အား ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ဘာနုရာဇာနေမင်းကြီးသည် မိမိအလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်၊ ၁၃၇၃ ခုနှစ် (မြန်မာနှစ်ဆန်း ၁ ရက်နေ့) ၂၀၁၁ ခုနှစ် ဧပြီ ၁၇ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ထိုနေ့ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ်တိုင်တိုင် ဦးခိုက်ပူဇော်မည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရှိရသည်။ **(သတင်းစဉ်)**

ပေးအပ်ချီးမြှင့်

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့် ၁၂ ဦး ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရ ရွှေစည့်သည်ဟိုတယ် ယိမ်းအကအဖွဲ့အား ဆုဖလားနှင့် ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းဌေး ၁၂ ဦး ယိမ်းအကပြိုင်ပွဲတွင် နဝမဆုရ တုံဂပူရီဟိုတယ် ယိမ်းအကအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ယိမ်းအကအဖွဲ့နှင့် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်အား တည်ဆောက်ပေးခဲ့သည့် A.C.E ဆောက်လုပ်ရေးကုမ္ပဏီတို့အား ဆုဖလားနှင့် ဂုဏ်ပြုဆုကို ပေးအပ်ချီးမြှင့်သည်။

ကြေညာ

ယင်းနောက် မြို့တော်ဝန်က ၁၃၇၂ ခုနှစ် နေပြည်တော် မဟာသင်္ကြန်ကို ပိတ်သိမ်းကြောင်း ကြေညာသည်။

ထို့နောက် အနုပညာရှင်များက ယဉ်ကျေးမှုဝန်ကြီးဌာန တီးဝိုင်းနှင့် တွဲဖက်၍ မန်းတောင်ရိပ်ခို သီချင်းကို စုပေါင်းသီဆိုကြပြီး နေပြည်တော် မဟာသင်္ကြန်ကို ပိတ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဧည့်သည်တော်များအား နေပြည်တော် မဟာသင်္ကြန်ယိမ်းအကပြိုင်ပွဲ၌ ဆုရရှိကြသည့် ယိမ်းအကအဖွဲ့များက ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

✳ ကျောဖုံး

ပိုမိုများပြားလာ

အထူးသဖြင့် နေပြည်တော် သပြေကုန်းအဝိုင်းမှ ဟိုတယ်ဇုန်အထိ ရာဇသင်္ဂဟ လမ်းမကြီးတစ်လျှောက်ရှိ ဟိုတယ်များ၏ မဟာသင်္ကြန်မဏ္ဍပ်များ၌ ရေပက်ခံကားများ၊ ရေပက်ခံသူများ၊ ဖျော်ဖြေတင်ဆက်မှုများကို လာရောက်အားပေး ကြည့်ရှုသူများဖြင့် ပြည့်ကျပ်လျက်ရှိရာ သက်ဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျရှိအောင် စီမံဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရသည်။ မဟာသင်္ကြန်မဏ္ဍပ်များ၌ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များနှင့် တေးသံရှင်များဖြစ်ကြသည့် ရန်အောင်၊ ရဲအောင်၊ နေအောင်၊ ဖိုးသောကြာ၊ ဘိုဖြူ၊ ချစ်ကောင်း၊ သားစိုး၊ ဘရိတ်ကီ၊ မေသန်းနု၊ ချစ်စနိုးဦး၊ ပပဝင်းခင်၊ ဇူးဇူးမောင်နှင့် အခြားစတီရီယို တေးသံရှင်များက အားပါးတရဖျော်ဖြေကြရာ သင်္ကြန်ချစ်ပြည်သူများ ပိုမိုအားရ ရွှင်လန်းစွာ ကြည့်ရှုအားပေးကြသည်။ မဟာသင်္ကြန်အတက်နေ့ဖြစ်သဖြင့် ရေပက်အား ပိုမိုကောင်းလာသကဲ့သို့ ရေပက်ခံကားနှင့် ရေပက်ခံသူများလည်း ပိုမိုများပြားလာသည်ကို တွေ့ရသည်။

ထို့အတူ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့ ဗိုလ်ချုပ်လမ်းတစ်လျှောက်ရှိ ရေကစားမဏ္ဍပ်များ၌လည်း ရေပက်ခံကားများ၊ ရေပက်ခံသင်္ကြန်ချစ်သူ ပြည်သူများသည် မဟာသင်္ကြန်အတက်နေ့ကို လွတ်လပ်ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြရာ အထူးစည်ကား များပြားလျက်ရှိသည်။

မဟာသင်္ကြန်ရေကစားမဏ္ဍပ်များ၌ စည်ကားများပြားစွာ ရေကစားကြသကဲ့သို့ နေပြည်တော် ရေပန်းဥယျာဉ်တွင်လည်း ရေကစားသူများ၊ မိသားစုအလိုက်၊ အသင်းအဖွဲ့များအလိုက် အနားယူ အေးရိပ်ခို အပန်းဖြေကြသူများ၊ ကြည့်ရှုလေ့လာကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

အောင်မြင်စွာပြီးစီး

ဤကဲ့သို့ မဟာသင်္ကြန်အတက်နေ့ကို စည်စည်ကားကား ဆင်နွှဲကြသော်လည်း ပြည်သူတို့၏ အသိတရားရှိရှိ စည်းကမ်းထိန်းသိမ်းမှု၊ တာဝန်ရှိသူတို့၏ စည်းရုံး အသိပညာပေးမှု၊ ကြပ်မတ်ဆောင်ရွက်မှုတို့ကြောင့် ၁၃၇၂ ခုနှစ် နေပြည်တော် မဟာသင်္ကြန်ပွဲတော်သည် အေးချမ်းပျော်ရွှင်ကြည်နူးမှုတို့ဖြင့် လွှမ်းခြုံလျက် အောင်မြင်စွာ ပြီးစီးခဲ့သည်။ **(သတင်းစဉ်)**

၁၂ ဦး ယိမ်းအက

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် ၁၂ ဦး ယိမ်းအကပြိုင်ပွဲတွင် ဒုတိယဆုရ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ယိမ်းအကအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မကွေးတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုပေးမဏ္ဍပ်လေးခု အပါအဝင် ရေသဘင်မဏ္ဍပ် ၁၅ ခုတို့ဖြင့် ကြည်နူးရွှင်မြူးစွာ ရေသဘင်ပွဲဆင်နွှဲ

နေပြည်တော် ဧပြီ ၁၆

မကွေးတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် မကွေး၊ ရေနံချောင်း၊ ချောက်၊ တောင်တွင်းကြီး၊ နတ်မောက်၊ မြို့သစ်နှင့် မင်းဘူးမြို့နယ်တို့မှ အလှပြယာဉ်များ၊ ယိမ်းအကအလှအဖွဲ့များသည် မကွေးမြို့ရှိ တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ အလှအကများဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး သင်္ကြန်ပွဲတော်ရက်များတွင် ဆုပေးမဏ္ဍပ်လေးခု အပါအဝင် ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ရေသဘင်မဏ္ဍပ် ၁၅ခုတို့၌ ယိမ်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြကာ ဒေသခံပြည်သူများ ကြည်နူးရွှင်မြူးစွာ မဟာသင်္ကြန်အတာရေသဘင်ပွဲ ဆင်နွှဲကြသည်။

ဖွင့်လှစ်ပေး

မကွေးတိုင်းဒေသကြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့) ည ၇ နာရီတွင် မကွေးမြို့ရှိ မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက နှစ်သစ်နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ဖွင့်လှစ်ပေးသည်။ **(သတင်းစဉ်)**

မဟာသင်္ကြန်အတက်နေ့က ရာဇသင်္ဂဟလမ်းမကြီးတစ်လျှောက်ရှိ ဟိုတယ်များ၏ မဟာသင်္ကြန်မဏ္ဍပ်များ၌ ပျော်ရွှင်စွာ ရေကစားကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

Pre Open စစ်တုရင်ပြိုင်ပွဲ မြန်မာဒုတိယရရှိ

ရန်ကုန် ဧပြီ ၁၆

၂၀၁၁ ခုနှစ်ဧပြီ ၇ ရက်မှ ၉ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ တွင် ကျင်းပခဲ့သည့် Pre Open စစ်တုရင်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဂရင်းမာစတာဇော်ဝင်းက ဒုတိယရရှိခဲ့သည်။ ထိုပြိုင်ပွဲတွင် ဂျာမနီနိုင်ငံမှ ဂရင်းမာစတာ ဂါးဟတ်က ပထမ၊ မြန်မာနိုင်ငံမှ အင်တာနေရှင်နယ်မာစတာအောင်မျိုးလှိုင်က တတိယနှင့် အင်တာနေရှင်နယ်မာစတာမျိုးနိုင်က စတုတ္ထရရှိကြောင်း သိရှိရသည်။ မြန်မာစစ်တုရင် အားကစားအဖွဲ့တွင် အဖွဲ့ဝင် သုံးဦးပါရှိပြီး ဧပြီ ၁၁ ရက်မှ ၁၇ရက်အထိ ထိုင်းနိုင်ငံ ပတ္တရားမြို့တွင် ကျင်းပ သည့် Thailand Open စစ်တုရင် ပြိုင်ပွဲတွင် ဆက်လက်ယှဉ်ပြိုင် လျက်ရှိကြောင်း သိရှိရသည်။ **(စစ်တုရင်အဖွဲ့ချုပ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်းက တာလေမှ လျှောင်ဒဏ်သင့် ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်းက ရှမ်းပြည်နယ် တာချီလိတ်ခရိုင် တာလေမြို့မှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၁၁ ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၌ ကျင်းပသည်။

ကျေးဇူးတင်စကားပြောကြား

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာက တာလေမြို့မှ ငလျင်ဒဏ်သင့်ပြည်သူများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူများက လှူသားချင်း စာနာထောက်ထားသောအားဖြင့် ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်း၏ အလှူငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ကိုပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။ **(သတင်းစဉ်)**

အေးချမ်းပျော်ရွှင် ပါဝင်ဆင်နွှဲ နှစ်သစ်အတာရေသဘင်ပွဲ

ပျော်ရွှင်စွာ ရေပက်ကစား

သင်္ကြန်အတက်နေ့က ရန်ကုန်မြို့ အနော်ရထာလမ်းပေါ်ရှိ ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးနှင့် ဆောက်လုပ်ရေး မိသားစု၏ ရေကစားမဏ္ဍပ်၌ ပျော်ရွှင်စွာ ရေပက်ကစားကြစဉ်။ (မြန်မာ့အလင်း)

ပါဝင်ဆင်နွှဲ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ သံရုံးဝန်ထမ်းများနှင့် ဇနီးများ၊ မိသားစုများ နေပြည်တော် ဟိုတယ်ဇုန်ရှိ မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်များ၌ တပျော်တပါး ပါဝင်ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

အတာရေကစား

မဟာသင်္ကြန်ပွဲတော် အကြိုနေ့က မန္တလေးမြို့ရှိ ရေကစားမဏ္ဍပ်များ၌ အတာရေကစားကြစဉ်။ (သတင်းစဉ်)

ပျော်ဖြေတင်ဆက်

နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားတွင် လုပျိုဖြူလေးများ ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

စည်ကား

သင်္ကြန်အတက်နေ့က မန္တလေးမြို့ရှိ သင်္ကြန်မဏ္ဍပ်များ၌ ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရေပက်ခံ

ရန်ကုန်မြို့ ကန်တော်ကြီး ကန်ပတ်လမ်း၌ ရေပက်ခံသူများကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)



တိုင်းရင်းသား ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှစ်သစ်ဆုတောင်း ပြုအပ်ပါသည်။

(မြန်မာ့အလင်း)

နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ် ဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး(မုံရွာမြို့) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

မဟာသင်္ကြန် အတက်နေ့က နေပြည်တော် ရာဇသင်္ဂဟ လမ်းမကြီး တစ်လျှောက်ရှိ ဟိုတယ်များ၏ မဟာသင်္ကြန် မဏ္ဍပ်များ၌ ပျော်ရွှင်စွာ ရေကစားကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ပျော်ပြေတင်ဆက်

တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ ျူလေးများ ယိမ်းအကဖြင့် ပျော်ပြေတင်ဆက် (သတင်းစဉ်)



ရေဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ပွဲတော် ဗဟိုမဏ္ဍပ် ဖွင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

ရေကစား

မဟာသင်္ကြန် အကျနေ့က နေပြည်တော်ခရိုင် ပျဉ်းမနား မြို့နယ်ရှိ ရေကစားမဏ္ဍပ်များ၌ ပျော်ရွှင်စွာ ရေကစားကြစဉ်။ (သတင်းစဉ်)

မဟာသင်္ကြန် အတက်နေ့က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း၌ ပြည်သူများ ပျော်ရွှင်စွာဖြင့် အတာရေသဘင်ပွဲ ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

17-4 (08-09).pmd 2 4/17/2011, 3:15 AM

မန်ယူတို့ အက်ဖ်အေဖလား လက်လွှတ်ခဲ့ရပြီ ချယ်လ်ဆီးတို့ အဝေးကွင်း၌ အောင်ပွဲခံ

အာကာဟိန်း - ရေးသားသည်

လန်ဒန် ဧပြီ ၁၆

အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲအဖြစ် မန်စီးတီးနှင့် မန်ယူတို့ ဧပြီ ၁၆ ရက်က ယှဉ်ပြိုင်ကစားရာ မန်စီးတီးက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သဖြင့် မန်စီးတီးတို့ အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။

မန်ယူတို့ အပိုင်ကန်သွင်းခွင့်ရရှိခဲ့သော်လည်း ဘာဘာတော့ဗ်၏ အဆုံးသတ်မသေချာမှုကြောင့် ဂိုးမရခဲ့ချေ။ ပွဲချိန် ၅၁ မိနစ်၌ ယာယာတိုရေးက မန်စီးတီးအတွက် ဂိုးသွင်းယူပေးခဲ့သည်။ ၇၂ မိနစ်၌ ပေါလ်စခိုး အနီကတ်ပြ အထုတ်ခံခဲ့ရသည်။ ပွဲချိန်ပြည့်သည်အထိ မန်ယူတို့ ချေပဂိုးမသွင်းနိုင်သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး အက်ဖ်အေဖလားကို လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ် (၃၃)ကို ဧပြီ ၁၆ ရက်၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးက အဝေးကွင်းတွင် ဝက်စ်ဘရွန်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဘာမင်ဂမ်နှင့် ဆန်းဒါးလန်းတို့ပွဲတွင် ဘာမင်ဂမ်က နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဝက်စ်ဘရွန်းနှင့် ချယ်လ်ဆီးတို့ပွဲတွင် ပွဲချိန် ၁၇ မိနစ်၌ အိုဒမ်ဝင်ဂီက ဝက်စ်ဘရွန်းအတွက် အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။ သို့သော် ပွဲချိန် ၂၂ မိနစ်၌ ဒရော့ဘာက ချယ်လ်ဆီးအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဆက်လက်ပြီး ချယ်လ်ဆီးတို့ ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၂၆ မိနစ်၌ ကာလူးက တစ်ဂိုးနှင့် ပွဲချိန် ၄၅ မိနစ်၌ လမ်းပတ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အနိုင်ရရှိ

ဘာမင်ဂမ်နှင့်ဆန်းဒါးလန်းတို့ပွဲတွင် ဘာမင်ဂမ်တို့ အိမ်ကွင်း၌ အနိုင်ရရှိရေးကြိုးစားခဲ့ရသည်။ ဘာမင်ဂမ်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၄၁ မိနစ်၌ လာဆင်က သွင်းယူပေးခဲ့ပြီး ၆၆ မိနစ်တွင် ဂါဒနာက ဂိုးသွင်းယူနိုင်ခဲ့ရာမှ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်စီးတီးနှင့် မန်ယူတို့ အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲတွင် မန်စီးတီးအတွက် ယာယာတိုရေး(ဝဲ)က ဉာဏ်သို့ဂိုးသွင်းယူခဲ့သည်။

အခြားပွဲရလဒ်

ဘလက်ပူးလ်	၁ - ၃	ဝီဂန်
အဲဗာတန်	၂ - ၀	ဘလက်ဘန်း
ဝက်စ်ဟမ်း	၁ - ၂	ဗီလာ

(အင်တာနက်)

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်(ရန်ကုန်) ပိတ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၆

၂၀၁၁ ခုနှစ် အဋ္ဌမအကြိမ်မြောက် ရခိုင်ရိုးရာ သင်္ကြန်ပွဲတော် (ရန်ကုန်) ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့) ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ ယာဉ်မောင်းသင်ကွင်းအတွင်းရှိ ဗဟိုစင်မြင့်၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ဖြစ်မြောက်ရေးကော်မတီ (ရန်ကုန်)ဥက္ကဋ္ဌ ဒေါ်စောခင်တင့်က နှုတ်ဆက်စကားပြောကြားသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

SSA(ရှမ်းဆစ်)အဖွဲ့က လက်နက်များဖြင့် ပစ်ခတ်မှုကြောင့် ကွန်ဟိန်းမြို့နယ် ကာလိမြို့နယ်ခွဲ၌ အပြစ်မဲ့ပြည်သူ တစ်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ ရှိ

နေပြည်တော် ဧပြီ ၁၆

SSA(ရှက်ဆစ်)အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအား အနိုင်ကျင့်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်း၊ သတ်ဖြတ်ခြင်းများ စဉ်ဆက်မပြတ် ကျူးလွန်လျက်ရှိသည်။

SSA(ရှက်ဆစ်)အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ဧပြီ ၄ ရက်နှင့် ၁၂ ရက်တို့တွင် လက်နက်များဖြင့် ပစ်ခတ်မှုကြောင့် ရှမ်းပြည်နယ် လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ် ကာလိမြို့နယ်ခွဲ၌ တစ်ဦးသေဆုံးပြီး ကိုရင်တစ်ပါး အပါအဝင် ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဧပြီ ၄ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် SSA(ရှက်ဆစ်)အဖွဲ့က ပစ်ခတ်ခဲ့သည့် (၄၀)မမ ဗုံးသီး ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဦးအုန်းငွေ (၄၂)နှစ် သေဆုံးပြီး ကိုတင်မောင်မြင့်၊ ကိုဖိုးထူး၊ ကိုဖြိုးနှင့် ကိုစိုးမင်းသိန်းတို့ လေးဦးဒဏ်ရာများရရှိခဲ့ကြောင်း၊ ဧပြီ ၁၂ရက် ည ၉ နာရီကျော်ခန့်တွင် ယင်းအဖွဲ့ကပစ်ခတ်ခဲ့သည့် လက်နက်ငယ်ကျည်နှင့်(၄၀)မမ ဗုံးသီးများ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ကိုရင်ကဝိရ (၁၈)နှစ် ထပ်မံဒဏ်ရာ ရရှိခဲ့ကြောင်း သိရှိရသည်။

ဒေသခံပြည်သူများအနေဖြင့် SSA(ရှက်ဆစ်)အဖွဲ့အား ချေမှုန်းနိုင်ရေးအတွက် မိမိတပ်မတော် စစ်ကြောင်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းပေးခြင်းများ ပိုမိုပြုလုပ်လာကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြေကြီး၊ မြေပုံ မှန်ကန်ရေး အလုပ်ရုံဆွေးနွေး

ပဲခူး ဧပြီ ၁၆

လယ်ယာကဏ္ဍစိုက်ဧက စာရင်းအင်းကိန်းဂဏန်းများ မှန်ကန်ရေးအတွက် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်တွင် မြေကြီး မြေပုံစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေး ပြန်လည်စိစစ်ခြင်းလုပ်ငန်းကို စီမံချက်ရေးဆွဲချမှတ်၍ ဆောင်ရွက်သွားနိုင်ရန် ပဲခူးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးဇော်မင်းသည် ကွင်းဆင်းစာရင်းကောက်ယူပြုစုမည့် ဝန်ထမ်းများနှင့် လုပ်ငန်းစီမံချက် ရှင်းလင်းခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၈ ရက်က မြို့နယ်မြေစာရင်းရုံး၌ ပြုလုပ်ခဲ့သည်။ ပဲခူးမြို့နယ်တစ်မြို့နယ်လုံး၌ မြေကြီး မြေပုံ မြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေး ပြန်လည်စိစစ်ခြင်းလုပ်ငန်းကို ဧပြီ ၁၀ ရက်မှ စတင်ဆောင်ရွက်၍ မေလအတွင်း အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။**(မြေစာရင်းဦးစီး)**

သူ့ဘဝသူ့အနုပညာ

ပေါ့ပ်အဆိုတော် မက်ဒေါနား၏ ဘဝပုံရိပ်

မောင်ချစ်ကြည် ရေးသားသည်

ကမ္ဘာကျော် ပေါ့ပ်အဆိုတော် မက်ဒေါနားသည် မကြာမီအချိန်အတွင်း အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် မာလာဝီနိုင်ငံ၌ ဂီတဖျော်ဖြေပွဲတစ်ရပ် ကျင်းပရန် စီစဉ်နေသည်။ သူမသည် အသက်အရွယ် ကြီးရင့်လာပြီ ဖြစ်သော်လည်း ဂီတအနုပညာနှင့် ပတ်သက်ပြီး အစဉ်နုပျိုနေဆဲ၊ တက်ကြွလန်းဆန်းနေဆဲ၊ ဂီတရေစီးကြောင်းတွင် အရှိန်အဟုန်ဖြင့် စီးဆင်းနေဆဲပင်ဖြစ်သည်။

ယနေ့တိုင် အလုကြွယ်ပြီး ဂီတနယ်တွင် နာမည်ကြီးဆဲဖြစ်သည်။ မက်ဒေါနား၏ ဘဝကောက်ကြောင်းကို စူးစမ်းဖော်ပြရလျှင် -

အမည် ॥ ॥	မက်ဒေါနား လူစီဗီရွန်နီကာ စီကိုနီ။
ချစ်စနိုးအမည် ॥ ॥	မက်ဒီ၊ မိုး၊ မက်ဂီ၊ နွှန်နေ။
မွေးသက္ကရာဇ် ॥ ॥	၁၉၅၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်။
မွေးရပ် ॥ ॥	ရိုချက်စကာအရပ်၊ မီချီဂန်မြို့၊ အမေရိကန်။
ပညာအရည်အချင်း॥ ॥	မီချီဂန်တက္ကသိုလ်၊ အကဘာသာရပ်ဆိုင်ရာသင်ကြားခဲ့သည်။
အလုပ်အကိုင် ॥ ॥	အဆိုတော်၊ သရုပ်ဆောင်၊ ထုတ်လုပ်သူ၊ တေးရေးဆရာ။
ထူးခြားမှု ॥ ॥	ငါးနှစ်အရွယ်၌ မိခင်က ကင်ဆာရောဂါဖြင့် သေဆုံးသည်။ မီချီဂန် တက္ကသိုလ်၌ ပညာတော်သင်ဆု ရရှိသည်။ ၁၉၇၇ ခုနှစ်၌ နယူးယောက်သို့ အကပညာလေ့လာရန် သွားရောက်ခဲ့သည်။ ၁၉၇၉ ခုနှစ်၌ သီချင်း စတင်ဆိုခဲ့သည်။
အောင်မြင်မှု ॥ ॥	၁၉၈၂ ခုနှစ်၌ Every body တေးအယ်လ်ဘမ်ဖြင့် စတင်အောင်မြင်သည်။ ထို့နောက် Holiday နှင့် Like a Virgin အပါအဝင် တေးအယ်လ်ဘမ် အများအပြား အောင်မြင်ခဲ့သည်။ ကမ္ဘာ့ဆွဲဆောင်မှု အရှိဆုံး ကမ္ဘာ့အလှဆုံး အမျိုးသမီး ၅၀ တွင် ထိပ်ဆုံးမှ အရွေးခံရသည်။ Desperately Seeking Susan ရုပ်ရှင်၌ စတင်သရုပ်ဆောင်သည်။ ထို့နောက် Live Aid ရုပ်ရှင် အပါအဝင် ရုပ်ရှင်ကားများ ရိုက်ကူးခဲ့ရာ ပရိသတ်အားပေးမှု ရရှိခဲ့သည်။ ၂၀၀၄ ခုနှစ်က ကမ္ဘာ့တစ်ပတ် ဂီတဖျော်ဖြေပွဲ ၅၆ ပွဲကျင်းပခဲ့ရာ ဒေါ်လာ ၁၂၅ သန်းရရှိခဲ့သည်။
အိမ်ထောင်ရေး॥ ॥	၁၉၈၅ ခုနှစ် ဩဂုတ်လ ၁၆ ရက်၌ ရုပ်ရှင်သရုပ်ဆောင် ရှောင်ပင်န်နှင့် လက်ထပ်သည်။ သားသမီး မထွန်းကားချေ။ ၁၉၈၈ခုနှစ် စက်တင်ဘာလ၌ ရှောင်ပင်န်နှင့် အိမ်ထောင်ရေး လမ်းခွဲခဲ့သည်။ ၁၉၉၀ ခုနှစ်၌ ရုပ်ရှင်ဒါရိုက်တာ ဂိုင်းရစ်ချီနှင့် လက်ထပ်သည်။ ရိုကို ရစ်ချီအမည်ရှိ သားတစ်ဦး မွေးဖွားခဲ့သည်။
အနုပညာခရီး ॥ ॥	၁၉၈၅နှင့် ၁၉၈၆ခုနှစ်ကာလများ၌ အောင်မြင်မှု အရရှိဆုံးဖြစ်သည်။

ထုတ်လုပ်ခဲ့သမျှတေးအယ်လ်ဘမ်များ ပြန်လည်ထုတ်လုပ်ဖြန့်ချိခဲ့ရာ ကမ္ဘာတစ်ဝန်း၌ ဝယ်ယူမှုများပြားခဲ့သည်။ **True Blue** အမည်ရှိ တေးအယ်လ်ဘမ်သစ် ထပ်မံထုတ်လုပ်ခဲ့ရာ ယင်း၌ပါဝင်သော **Open Your Heart၊ Live To Tell**နှင့် **La Isla Bonita** အမည်ရှိ သီချင်းများကို အထူးလူကြိုက်များခဲ့သည်။ ၁၉၈၈ ခုနှစ်၌ **Who's That Girl** အမည်ရှိ ရုပ်ရှင်၌ ပါဝင်သရုပ်ဆောင်ခဲ့ပြီး **You can Dance** တေးအယ်လ်ဘမ် ထုတ်လုပ်ခဲ့ရာ မျှော်လင့်ဘဲ ရောင်းအားကျဆင်းခဲ့သည်။ ထို့နောက် တေးအယ်လ်ဘမ်ထုတ်လုပ်မှု ခေတ္တရပ်ဆိုင်းပြီး ၁၉၈၉ခုနှစ်၌ **Like a Prayer** အမည်ရှိ တေးအယ်လ်ဘမ်ပြန်ထုတ်ခဲ့ရာမှ အောင်မြင်မှု ပြန်လည်ရရှိခဲ့သည်။ ၁၉၉၀ ခုနှစ်၌ **Dick Tracy** ရုပ်ရှင် ဇာတ်ကား၊ **The Late Show With David Lettermans** ရုပ်ရှင်များ၌ ပါဝင်သရုပ်ဆောင်ခဲ့ပြီး **Frozen** အမည်ရှိ အကနှင့် ဂီတပေါင်းစပ်ထားသည့် တေးအယ်လ်ဘမ်အတွက် ဂျာမနီမှချီးမြှင့်သည့် ဂီတအနုပညာဆု သုံးဆု ရရှိခဲ့သည်။ ပြင်သစ်မှ တေးထုတ်လုပ်သူ မီရာဝေးလ်နှင့် တေးအယ်လ်ဘမ်များ ထုတ်လုပ်ခဲ့ရာတွင်လည်း အောင်မြင်မှုရရှိခဲ့သည်။

ထို့နောက် ခင်ပွန်းဂိုင်းရစ်ချီ ဒါရိုက်တာအဖြစ် ရိုက်ကူးသည့် **Swept Away** ရုပ်ရှင်ဇာတ်ကား၌ သရုပ်ဆောင်ခဲ့ရာ လူကြိုက်များခဲ့သည်။ မက်ဒေါနားသည် **Hard Candy** အမည်ရှိ နောက်ဆုံး တေးအယ်လ်ဘမ်အသစ်ကို ထုတ်လုပ်ခဲ့ပြီး နိုင်ငံပေါင်း ၃၇ နိုင်ငံသို့ ဖြန့်ဝေခဲ့သည်။ လောလောဆယ်တွင် ဂီတနှင့် အနုပညာလမ်းကြောင်းပေါ်၌ ၂၅ နှစ်တာကာလ အောင်မြင်စွာ လျှောက်လှမ်းခဲ့မှုများအနက် အကောင်းဆုံး တေးသီချင်းများကို ရွေးချယ် စုစည်းကာ **Celebration** အမည်ဖြင့် တေးအယ်လ်ဘမ်ကို ထုတ်လုပ်ဖြန့်ချိလျက်ရှိပြီး တေးဂီတပွဲတော်များ၌ လိုက်လံဖျော်ဖြေလျက်ရှိပါကြောင်း။ ॥

(အင်တာနက်)

ကမ္ဘာကျော် ပေါ့ပ်အဆိုတော် မက်ဒေါနား၏ ဟန်ပန်အမူအရာ။

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး
နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

၁၃၇၃ ခုနှစ် နှစ်သစ်မင်္ဂလာအချိန်အခါသမယတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးရှိ ဘိုးဘွားများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ကုသိုလ်ရေးပါမကျန် စောင့်ရှောက်ထားနိုင်ရန် ထက်သန်သော စေတနာ၊ ကရုဏာတရား၊ မေတ္တာပွား၍ အစဉ်သဖြင့် အရေးတယူ ကူညီလှူဒါန်းကြသူ အလှူရှင်များနှင့် ဝေယျာဝစ္စ ကုသိုလ်ရှင်များအားလုံး ဘေးဘယာဝေးကွာ၍ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဘိုးဘွားများ၊စောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ဝန်ထမ်းများက ဆုတောင်းမေတ္တာ ပို့သလျက်ရှိပါသည်။ အသက်(၇၀)ကျော် အဘိုး ၆၁ ဦးနှင့် အဘွား ၁၃၄ဦး၊ ဘိုးဘွားစုစုပေါင်း ၁၉၅ ဦးတို့ကို ပြုစုထားပါသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး
အမှတ် ၂၁၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊
ဖုန်း-၅၄၁၇၉၆၊ ၅၄၁၇၉၇။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

ကမ္ဘာပေါ်တွင် ပထမဆုံးနှင့်တစ်ခုတည်းသော အပြည်ပြည်ဆိုင်ရာ အဘိဓမ္မတက္ကသိုလ်

ဗုဒ္ဓအဘိဓမ္မာကို အင်္ဂလိပ်ဘာသာဖြင့်သင်ကြားသည့် ကမ္ဘာပေါ်တွင် ပထမဆုံးနှင့် တစ်ခုတည်းသောတက္ကသိုလ်သို့ အမွန်မြတ်ဆုံးသော ဓမ္မဒါန အဖြစ် လှူဒါန်းလိုသူများ လှူဒါန်းနိုင်ကြပါပြီ။

<u>အလှူခံဌာန-</u>

အပြည်ပြည်ဆိုင်ရာအဘိဓမ္မတက္ကသိုလ်(I.I.A.)၊ ကမ္ဘာအေး ဘုရားဝင်းအတွင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၆၅၅၇၅၆၊ ၆၅၁၇၆၉။

ဒေါ်ခင်သန်းဝင်း သိစေရန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၅/လှဲကွဲစမ်း၊ မြေကွက်အမှတ် ၁၀၆/ဟ၊ မြေအမျိုးအစား-မြေပိုင်မြေ မြေကွက်ထဲမှ တရားဝင် မခွဲမစိတ်ရသေးသောအစိတ်အပိုင်းနှင့်ပတ်သက်၍ အရောင်းအဝယ်စာချုပ်ချုပ်ဆို မှတ်ပုံတင်ရန်အတွက် လူကြီးမင်းက လက်မှတ်ရေးထိုးပေးရန် လိုအပ်လျက် ရှိပါသည်။ သို့ဖြစ်ပါ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဆက်သွယ် ဆောင်ရွက်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရီစလင်း(စဉ်-၂၅၇၀၃)
အထက်တန်းရှေ့နေ
အမှတ်(၄၇/၇၅၆)၊ သရဖီလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်-၉၂၂(ခ)၊ ဧရိယာ (အလျားပေ ၆၀xအနံပေ၂၀)၊ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၉၂၂/ခ)၊ လမ်း ၂၀၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့၏ မူလအမည်ပေါက် ဒေါ်လှမေ၏ ဆက်ခံသူဖြစ်သော ဦးတင်ဦး S/OKA-၀၄၅၆၇၁ ထံမှ ကျွန်ုပ်၏အမှုသည်က အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းဖြစ်သော ငွေကြေးများကို ပေးချေထားပြီးဖြစ်ပါသည်။

အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ရေးပိုင်ခွင့်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန် သတ်မှတ်ရက်ကုန်ဆုံး ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေ နှင့်အညီ မှတ်ပုံတင်စာချုပ် ချုပ်ဆိုပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းနု (ဥပဒေဘွဲ့)
တရားရုံးချုပ်ရှေ့နေ
အမှတ်-၅၆၁၊ ပထမထပ်၊ အခန်း-၄၊
M.A.C Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်ငွေညွန့် သိစေရန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၈/ပဲမှီကုန်း၊ မြေကွက်အမှတ် ၈၈၊ မြေအမျိုးအစား-ဘီမြေ မြေကွက်ထဲမှ တရားဝင် မခွဲမစိတ်ရသေးသော အစိတ်အပိုင်းနှင့်ပတ်သက်၍ အရောင်းအဝယ်စာချုပ်ချုပ်ဆို မှတ်ပုံတင်ရန်အတွက် လူကြီးမင်းက လက်မှတ်ရေးထိုးပေးရန် လိုအပ်လျက်ရှိပါသည်။သို့ဖြစ်ပါ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရီစလင်း(စဉ်-၂၅၇၀၃)
အထက်တန်းရှေ့နေ
အမှတ်(၄၇/၇၅၆)၊ သရဖီလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။

[illegible]

[illegible]

ရွှေပြည်ဟိန်း[illegible]

[illegible] ဖုန်း [illegible]

သီတာဂူရွှေပြည်ဟိန်း [illegible] နှစ်သစ်ဦး [illegible]

[illegible] Prof. Dr. Mya Aung, Dr. Daw Yi Yi Aung, Dr. Daw Yupar Aung, Dr. Daw Khin Ohn Myint, Dr. Daw Khin Ohmar Khine, Dr. Sa J Lwin, Dr. Daw Zin Mar Myint, Dr. Thein Than Htaik, Dr. U Kyaw Soe, Dr. Than Tun Aung, Dr. Daw Wai Nwe Win, Dr. Kyaw Htoo Aung [illegible] (၁၂) [illegible] (၂၅-၂-၂၀၁၁) [illegible] (၁၄-၄-၂၀၁၁) [illegible]

[illegible] ဖုန်း [illegible]

ဖြူးမြို့နယ်၌ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ဆိုင်းဘုတ်သစ်တင်

ဖြူး ဧပြီ ၁၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ဆိုင်းဘုတ်သစ်တင်ပွဲ အခမ်းအနားကို မတ် ၃၁ ရက် နံနက်က ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလွင်မင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက အောင်သပြေပန်းဖြင့် အမွှေးနံ့သာများ ပက်ဖျန်း၍ ဆိုင်းဘုတ်သစ်ကို တင်ပေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (၁၁၃)

ယဉ်ကျေးမှုသင်တန်းဆင်းပွဲ မန်စီး၌ကျင်းပ

မန်စီး ဧပြီ ၁၀

ပထမအကြိမ် ဗုဒ္ဓယဉ်ကျေးမှုအခြေပြု သင်တန်းဆင်းပွဲ အခမ်းအနားကို မန်စီးမြို့ လောကမာန်အောင်စေတီတော်တန်ဆောင်းတွင် ကျင်းပရာ ပရိသတ်များက ဆရာတော်၊ သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အုန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ယင်းနောက် သင်တန်းတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

တောင်ငူမြို့ (၁၁)လမ်းနေ ဒုတိယရဲမှူးမြင့်လွင် (ငြိမ်း)အား ရည်စူး၍ ကျန်ရစ်သူဇနီးဒေါ်ယဉ်ယဉ်လှနှင့် သားသမီး၊ မြေးတစ်စုတို့က တောင်ငူမြို့ မေတ္တာနှင့်စေတနာ လူမှုရေးကူညီမှုအသင်းသို့ ရန်ပုံငွေအဖြစ် အလှူငွေကျပ်သုံးသိန်းကို မေတ္တာနှင့် စေတနာ လူမှုရေး ကူညီမှုအသင်း ဥက္ကဋ္ဌ ဦးမြင့်ညို (အမေ့အိမ်)နှင့် အမှုဆောင်များထံသို့ပေးအပ်လှူဒါန်းကြစဉ်။ (၁၁၅)

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၊ ဘောဂလိမြို့နယ်စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့်ဆောင်ရွက်သော ဖူးဖိုသော လမ်းကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၄ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးကျော်နိုင်ဦးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်၊ ခတ်တော်နှင့်ဆံတော်ရှင်သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲအတွက် မတ် ၂၀ ရက်တွင် မော်လမြိုင်မြို့မဂ္ဂင်လမ်းနေ နှစ်ဖက်သောဘိုးဘွား၊ မိဘများအားရည်စူး၍ ဦးအောင်မိုးကျော်-ဒေါ်ဝါဝါလွင်၊ သမီး မအိန္ဒြေမိုးကျော်၊ သား ရှင်းသန့်ကျော် မိသားစုက ငွေကျပ် ၅၄ သိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းမြင့်၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းတို့ လက်ခံယူပြီးအလှူရှင်မိသားစုအား ဂုဏ်ပြုလွှာပေးအပ်စဉ်။ (၁၀၇)

မီးဘေးကြိုတင်ကာကွယ်ရေး နတ်မောက်တွင် ပညာပေးဆွေးနွေး

နတ်မောက် ဧပြီ ၁၀

နတ်မောက်မြို့နယ် ကုလားရှင်ကျေးရွာအုပ်စု တွဲဖက်အလယ်တန်းကျောင်းတွင် မှုခင်းကျဆင်းရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဆွေးနွေးပွဲကို ဧပြီ ၂ ရက်က ကျင်းပရာ ဆွေးနွေးပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိ ရပ်ဖနှင့် ကျေးရွာသူကျေးရွာသား အင်အား ၄၀၀ကျော် တက်ရောက်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်မြင့်နှင့် နတ်မောက်ရဲစခန်းမှူး ရဲအုပ်ကျော်မြဝင်းတို့က မီးဘေးအန္တရာယ်ကင်းရှင်းရေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (၁၂၇)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ ၁၃၇၂ ခုနှစ် နေပြည်တော် မဟာသင်္ကြန် ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြစဉ်။ (သတင်းစဉ်)

၁၃၇၂ ခုနှစ် နေပြည်တော် မဟာသင်္ကြန် ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၁၆

၁၃၇၂ ခုနှစ် နေပြည်တော်မဟာသင်္ကြန် ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီ ၁၅ မိနစ်တွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရှိ နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ ဆုများကိုပေးအပ်ချီးမြှင့်ရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက ၁၂ ဦး ယိမ်းအကပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိကြသည့် ယိမ်းအကအဖွဲ့များအားလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က ၁၆ ဦး ယိမ်းအကပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိကြသည့် ယိမ်းအကအဖွဲ့များအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းဌေးက ၁၂ ဦး ယိမ်းအကပြိုင်ပွဲတွင် ဒသမဆုရ စွမ်းအင်ဝန်ကြီးဌာန ယိမ်းအကအဖွဲ့၊ နဝမဆုရ တံ့ဂပူရီဟိုတယ် ယိမ်းအကအဖွဲ့နှင့် အဋ္ဌမဆုရ သာသနာရေးဝန်ကြီးဌာန ယိမ်းအကအဖွဲ့တို့အားလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆန်းက ၁၂ ဦး ယိမ်းအကပြိုင်ပွဲတွင် သတ္တမဆုရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ယိမ်းအကအဖွဲ့နှင့် ဆဋ္ဌမဆုရ ရွှေမြန်မာဟိုတယ်ယိမ်းအကအဖွဲ့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယိမ်းအက

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းထွန်းက ၁၆ ဦး ယိမ်းအကပြိုင်ပွဲတွင် ဒသမဆုရ မြတ်တော်ဝင်ဟိုတယ်ယိမ်းအကအဖွဲ့၊ နဝမဆုရ ပညာရေးဝန်ကြီးဌာန ယိမ်းအကအဖွဲ့နှင့် အဋ္ဌမဆုရ ကျန်းမာရေးဝန်ကြီးဌာန *စာမျက်နှာ ၆ ကော်လံ ၁ သို့* ❐

နေပြည်တော် မဟာသင်္ကြန်အတက်နေ့ အေးချမ်းပျော်ရွှင် ကြည်နူးမှုတို့ဖြင့် လွမ်းခြုံ

နေပြည်တော် ဧပြီ ၁၆

၁၃၇၂ ခုနှစ်၏ သင်္ကြန်အတက်နေ့ဖြစ်သော ယနေ့တွင် မဟာသင်္ကြန်အကြိုနေ့မှစ၍ သုံးရက်တိုင်တိုင် သွန်းလောင်းခဲ့သော အတာသင်္ကြန်ရေစင်၏ အေးမြစွတ်စိုခြင်း၊ အညစ်အကြေးသန့်စင်ခြင်း ဂုဏ်တို့ကြောင့် နေပြည်တော်တစ်ခွင်၌ သန့်စင်အေးမြလျက်ရှိသည်။ မေတ္တာအဟုန်ကြောင့် ဝင်းပလျက်ရှိသော ပြုံးမျက်နှာကိုယ်စီရှိကြသည့် နေပြည်တော်သူ နေပြည်တော်သားတို့သည် နောက်ဆုံးနေ့ အတာရေသဘင်ပွဲကို ထူးထူးကဲကဲ စည်ကားစွာ ဆင်နွှဲကြသည်။ *စာမျက်နှာ ၇ ကော်လံ ၁ သို့* ✻